ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (13-11-2013) (၇၆၆၃)

# ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထောက်ကူသော ရင်းနှီးမြှုပ်နှံမှုဖြစ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၁၂**

"မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေဟာ ပြည့်စုံလုံလောက်မှုမရှိဘူးလို့ ယူဆခဲ့တာကြောင့် နိုင်ငံတော်အစိုးရသစ်အနေနဲ့ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်တဲ့အချိန်ကစပြီး "ပညာရေးပြုပြင်ပြောင်းလဲမှု" တွေကို ပြုလုပ်ဖို့ နည်းလမ်းရှာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးက ပညာရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ပညာရှင်များရဲ့ အကြံဉာဏ်အတိုင်း အဖြေရှာဆောင်ရွက်သွားဖို့ မိန့်ကြားခဲ့ပါတယ်"ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ အထူးလုပ်ငန်းအဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ဆက်လက်ပြောကြားရာတွင် ပညာရေးနှင့်သက်ဆိုင်သည့် ပထမဦးဆုံး အလုပ်ရုံဆွေးနွေးပွဲကို (၂၀၁၁ မေလအတွင်း) ပညာရေးဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်အားလုံး၏ ပညာသင်နှစ်များကို တစ်နှစ်စီတိုးမြှင့်ခဲ့ပါကြောင်း၊ အရည်အသွေးမမီခဲ့သည့် တက္ကသိုလ်ပညာရေးကို မြှင့်တင်နိုင်အောင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**





၂၀၁၂ ခုနှစ် မဒေါက်မြို့ မီးမျှောပွဲတော်ကျင်းပခဲ့မှု မြင်ကွင်းကို တွေ့ရစဉ်။

# မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော် ကျင်းပမည်

**မဒေါက် နိုဝင်ဘာ ၁၂**

တန်ဆောင်မုန်းလ၌ ဒေသအလိုက်ကျင်းပသော ပွဲတော်များအနက် ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင်ကျင်းပသော တန်ဆောင်တိုင်မီးမျှောပွဲတော်မှာလည်း မြန်မာနိုင်ငံတွင် အထူးထင်ရှားသော ပွဲတော်တစ်ခုပင်ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❍**

# လယ်ယာစိုက်ပျိုးရေးအတွက် အင်အားသစ်များဖြင့် ဆွာချောင်းတမံ

**ရေတာရှည် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တောင်သူများ၏ စိုက်ပျိုးနည်းစနစ်၊ အခွင့်အလမ်းများ သိသာစွာတိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးသီးနှံများအထွက်တိုးရန် ရေသယံဇာတများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ဆွာချောင်းရေလှောင်တမံကို ၁၉၉၈ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ တစ်နှစ် တစ်ရာသီ တစ်သီးစား စိုက်ပျိုးခဲ့ရာမှ နွေ၊ မိုး၊ ဆောင်းသုံးရာသီ ပတ်လုံး သီးထပ်၊ သီးညှပ်စပါးများ စိုက်ပျိုး၍ တောင်သူများ၏ဘဝ တစ်ဆစ်ချိုးပြောင်းလဲခဲ့သည်။ နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဥယျာဉ်မှူးကျေးရွာအထက် ဆွာချောင်းပေါ်တွင် ကျပ်သန်းပေါင်းလေးထောင်ခန့် အကုန်အကျခံ၍ ဆွာချောင်းရေလှောင်တမံကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တမံအမြင့်မှာ ၉၇ ပေရှိသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။



ကြေးမုံ စာတည်းရှုထောင့် ၁၃-၁၁-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

# ကျန်းမာရေးအသိ

ကမ္ဘာတစ်ဝန်း အသက်ငါးနှစ်အောက်ကလေးငယ်များ သေဆုံးနှုန်းမှာ ၁၉၉၀ ခုနှစ်က ၁၂ သန်းရှိခဲ့ကြောင်း သိရသည်။ မသေသင့်ဘဲ သေနေရခြင်းမှာ ကာကွယ်တားဆီး၍မရနိုင်သောရောဂါများမှ ကာကွယ်မှု မပေးနိုင်ခဲ့၍ဟု ယူနီဆက်က ထောက်ပြသည်။

၂၀၁၂ အရောက်တွင် ငါးနှစ်အောက်ကလေးသေဆုံးမှုမှာ ထက်ဝက်နီးပါး လျော့ကျသွားခဲ့သည်။ သေဆုံးသူ ကလေးဦးရေ ၆ ဒသမ ၆ သန်းသာ ရှိခဲ့သည်။ ဤသို့လျော့ကျသွားခဲ့သော်လည်း ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီရန် ခဲယဉ်းဦးမည်ဟု ခန့်မှန်းပြောဆိုကြသည်။

ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Millennium Development Goals) သတ်မှတ်ထားသည့် ၂၀၁၅ ရောက်လျှင် ငါးနှစ်အောက်ကလေးငယ်များသေဆုံးနှုန်းကို ၁၉၉၀ နှုန်း၏သုံးပုံတစ်ပုံအောက်၊ တစ်နည်း လေးသန်းအောက်ရောက်အောင် လျှော့ချနိုင်ရမည်ဖြစ်သည်။ ၂၀၁၂ ၏ ၆ ဒသမ ၆ သန်းမှ ၂၀၁၅ ရည်မှန်းချက် လေးသန်းအောက်ကြားတွင် နှစ်သန်းကျော်ထိ လျှော့ချရမည်ဖြစ်သည်။ ၂၀၁၅ ရောက်ရှိမည့် ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရေးတွင် အခက်အခဲရှိနိုင်ကြောင်း ပညာရှင်များက ထောက်ပြထားကြသည်။

၂၀၁၅ တွင် ရာနှုန်းပြည့် မလျှော့ချနိုင်သေးသော်လည်း လာမည့် ၂၀၃၀ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ကာကွယ်နိုင်သောရောဂါများကြောင့် ကလေးငယ်များသေဆုံးမှု လုံးဝမရှိစေရေး ရည်မှန်းချက်ထားကာ အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိနေကြသည်။

လက်ရှိကမ္ဘာတစ်ဝန်းတွင် ပျမ်းမျှအားဖြင့် ငါးစက္ကန့်လျှင် ငါးနှစ်အောက်ကလေးတစ်ယောက်နှုန်း သေဆုံးလျက်ရှိနေဆဲပင်။ ထိုသို့ သေဆုံးရခြင်း အကြောင်းရင်းများတွင် အာဟာရချို့တဲ့ခြင်း၊ အဆုတ်ရောင်အအေးမိ၊ ငှက်ဖျား၊ ဝမ်းပျက် ဝမ်းလျှောနှင့် နေ့မစေ့၊ လမစေ့မီမွေးဖွားခြင်း စသည့်အချက်များက ထိပ်ဆုံးကရှိနေသည်။ အဓိကမှာ လူတိုင်းကျန်းမာရေးအသိပညာရှိနေဖို့ လိုအပ်ပါသည်။ ထိုကဲ့သို့ဖြစ်လာအောင်လည်း တာဝန်ရှိသူများ၊ NGO များ၊ ဌာနဆိုင်ရာများ ပူးပေါင်းအားဖြင့် အားလုံး တက်ညီလက်ညီ ရှိနေကြဖို့လိုပါသည်။ အထူးသဖြင့် ဆေးရုံဆေးခန်းဖြင့် အလှမ်းဝေးရာ ကျေးလက်အနှံ့ ကျန်းမာရေးအသိပျံ့နှံ့စေဖို့ ဖြန့်ဝေပေးနိုင်ကြရပါမည်။

မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူအများစုနေထိုင်ရာ တောင်ပေါ်မြေပြန့်ကျေးလက်များတွင် ဆရာဝန် မရှိ၊ ဆေးခန်းအလှမ်းဝေးကွာမှုနှင့်ဒေသ၏ ရမ်းကုဆရာများအောက်မှာ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြရသည်။ ရမ်းကုဟုသာ ဆိုရသည်၊ သူတို့၏ တိုင်းရင်းဆေးပညာ၊ ခေတ်မီဆေးဝါး၊ စာတွေ့ လေ့လာမှု၊ လက်တွေ့ကုသမှု အတွေ့အကြုံများကြောင့် ကျေးလက်၏ အားထားရာဆရာတစ်ဆူဖြစ်နေကြသည်။ ဤပုဂ္ဂိုလ်များ ကျေးရွာဇနပုဒ်တိုင်းမှာ ရှိနေကြသည်။ နိုင်ငံတော်မှသာ ဤပုဂ္ဂိုလ်များအား စနစ်တကျ သင်တန်းပို့ချပေးနိုင်ပါက လူသူအရောက်အပေါက်နည်းသော ကျေးလက်ဒေသများ၏ ကျန်းမာရေးကိစ္စအဝဝတွင် "အား" တစ်ရပ်ဖြစ်စေမည်မှာ အမှန်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှ ငါးနှစ်အောက်ကလေးများ သေဆုံးရသည့်အကြောင်းရင်းများကိုကြည့်လျှင် အာဟာရချို့တဲ့ခြင်းသည် ဒေသ၏ အခြေအနေ၊ စိုက်ပျိုးရေးနည်းပညာအားနည်းချက်၊ စစ်မက်ထူပြောမှု၊ ရာသီဥတု ဖောက်ပြန်မှုများနှင့် ဆိုင်သည်။ အားလုံးကဝိုင်းဝန်းဖေးမကူစားကြရမည့် ဝေဒနာတစ်ရပ်ဖြစ်သည်။

အဆုတ်ရောင် အအေးမိ၊ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် အချိန်မတိုင်မီမွေးဖွားခြင်းများသည် ဒေသ၏ ရာသီဥတု၊ သောက်သုံးရေ မသန့်မှု၊ ကျန်းမာရေးအသိအားနည်းမှုများကြောင့် ဖြစ်နေရခြင်းသာပင်။ "မရှိတာထက် မသိတာခက်" ဆိုစကားလို အခက်တွေ့နေရခြင်းသာဖြစ်သည်။ လူတိုင်းသို့ ကျန်းမာရေးအသိပညာပြန့်ပွားစေနိုင်ပြီဆိုပါလျှင် ဤရောဂါအန္တရာယ်များမှ ကာကွယ်နိုင်မည်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်ရည်မှန်းချက်အောင်မြင်ရေးအတွက် မိသားစုတိုင်းတွင် ကျန်းမာရေးအတွက် အားကိုးစရာ မိသားစု ဆရာဝန်တစ်ဦးစီ လိုအပ်ပါလိမ့်မည်။ ထိုမိသားစုဆရာဝန်ဆိုသည်မှာ "ကျန်းမာရေးအသိပညာ" ပင်ဖြစ်ပါကြောင်း။ ။

## တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ တည်ထားခဲ့သည့် ဖလမ်းမြို့ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်

ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်၌ တည်ထားကိုးကွယ်သော ရန်ပြေမာန်ပြေ နိုင်ငံအေး အောင်တော်မူ ဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရက ၁၉၉၃ ခုနှစ်တွင် စတင်တည်ထားခဲ့ရာ ၁၉၉၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။

၂၀၀၉ ခုနှစ်တွင် စေတီတော်၏ အရှေ့မြောက်ထောင့်ရင်ပြင်တော် မြေသားကျွံကျခဲ့ရာမှ ယခုအခါ စေတီတော်၏ ရင်ပြင်အောက်ခံပလ္လင်နှင့် လုံးပတ်တော်တို့ အက်ကွဲကြောင်းများဖြစ်ပေါ်လာသဖြင့် အမြန်ပြုပြင်မွမ်းမံရန် လိုအပ်လျက်ရှိပြီး အချိန်မီပြုပြင်မွမ်းမံနိုင်ခြင်းမရှိပါက စေတီတော်ကြီး ပြိုပျက်သွားနိုင်ကြောင်း သိရသည်။

စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ကျွမ်းကျင်သူအဖွဲ့က တွက်ချက်ခဲ့ရာ ကုန်ကျငွေ သိန်း ၂၅၀ ခန့်ရှိမည်ဖြစ်ကြောင်း သိရှိရပြီး လက်ရှိတွင် စေတီတော်ပြန်လည်ပြုပြင်ရေးကော်မတီကို ဖွဲ့စည်းခဲ့ရာ အလှူငွေ ကျပ်သိန်း ၃၀ ခန့်ရရှိထားကြောင်း၊ ပါဝင်လှူဒါန်းလိုသူများ အနေဖြင့် ဖလမ်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော် ဖုန်း ၀၇၀-၄၀၀၄၃ နှင့် ၀၉-၂၀၀၈၇၇ သို့တို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၆၂၀၀ | - | ၆၇၇၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၅၅၀၀ | - | ၆၇၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၀၄. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၉. ၇၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၇၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၈၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၃၈၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၈၁. ၀၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၀. ၈၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၁. ၁၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၉. ၂၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၁၂း၂၅ | ဖြူ/မည်း ရုပ်ရှင် "ချစ်ခွင့်မပိုင်" (ဇေယျ၊ ကျော်ဖေ၊ ခင်မောင်မြင့်၊ ကြည်ကြည်ဌေး) (ဒါရိုက်တာ- ချစ်မောင်) |
| ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ) |
| ၅း၄၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အဖြူရောင်ရဲတိုက်" |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း |
| ၉း၀၀ | ပြည်တွင်းသတင်း -သုခုမရင်ခွင်အငြိမ့်သဘင် (ဟားစတိုင်အငြိမ့်) (မင်းသမီး -ခိုင်ဝင့်ဖြူ၊ လူရွှင်တော်-စတားကောင်းထက်၊ ကောင်းမွန်၊ လှိုင်ဘွား၊ ငွေခဲ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) -SEA Games ဇာတ်လမ်းတို "ဒေင်ရဲ့ ခြေလှမ်း" (မိုးယံဇွန်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-မျိုးထူး) |



ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့









## ☆ ပညာရေးကဏ္ဍမှ

အရေအတွက်အားဖြင့် တစ်နှစ်စာသင်ချိန် တိုးပေးလိုက်လျှင် သင်ကြားလေ့လာချိန်တစ်နှစ်ပိုရပြီး အရည်အသွေး ပိုလာလိမ့်မည်ဆိုသည့် မျှော်လင့်ချက်ဖြင့် တိုးထားခြင်းဖြစ်ပါကြောင်း။

အခြေခံပညာကဏ္ဍတွင် မသင်မနေရ အခမဲ့ မူလတန်းပညာလုပ်ငန်းစဉ်၊ ကျောင်းသားများအတွက် Stipend, Scholarship အစီအစဉ်၊ ယခင်ကရှိခဲ့သည့် လူရည်ချွန်ကဲ့သို့သော ဘက်စုံထူးချွန်ဆုချီးမြှင့်ရေး အစီအစဉ်၊ ပုဂ္ဂလိက ပညာသင်ကျောင်းဆိုင်ရာ ဥပဒေ စသော ပြောင်းလဲမှုပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ထို့ထက် ပြည့်စုံသည့် အခြေအနေတစ်ခုရအောင်၊ CESR Comprehensive Education Sector Review ကို ၂၀၁၂ အောက်တိုဘာလတွင် နေပြည်တော် MICC ၌ ကျင်းပခဲ့ပါကြောင်း၊ ပညာရှင်ပေါင်းစုံ လူထုလူတန်းစားပေါင်းစုံ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ဘာသာရေးဘက် သက်ဆိုင်သူများ၊ ပြည်တွင်းပြည်ပ NGO ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့စသည်တို့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်၍ ပြည်သူတစ်ရပ်လုံး၏အသံကို ထင်ဟပ်သော ဆွေးနွေးပွဲဟု ဆိုရမည်ဖြစ်ပါကြောင်း။

ထိုသို့ တအိအိရွေ့လာခဲ့သော အစိုးရသစ်၏ သက်တမ်းတစ်ဝက်ရောက်လာသည့်အချိန်တွင် စာနယ်ဇင်းများလွတ်လပ်မှု အရှိန်ရလာသည်နှင့်အမျှ အဖွဲ့အစည်းအသီးသီး၏ အတွင်းမှာရော ပြင်ပမှာပါ ပညာရေးကဏ္ဍ၏ အားနည်းချက်၊ လိုအပ်ချက်များကို ထောက်ပြဝေဖန်မှုများလည်း ပိုပြီးကျယ်ကျယ်လောင်လောင်ဖြစ်လာပါကြောင်း၊ အမှန်တကယ် ပြုပြင်စရာများရှိပါကြောင်း။

ပညာရေးသည် ရေရှည်စီမံဆောင်ရွက်သွားရမည့် လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပညာရေးကိုအားပေးလိုလွန်းသည့်အတွက် ပညာရေးအသုံးစရိတ်ကို အများဆုံးတိုးမြှင့်ချထားပေးပါကြောင်း၊ ဝန်ကြီးဌာနအားလုံး၏ စုစုပေါင်းသုံးစွဲငွေ၏ ၅ ဒသမ ၂၄ ရာခိုင်နှုန်းကို ပညာရေးကို ခွဲဝေပေးထားပါကြောင်း၊ ပညာရေး၏အသုံးစရိတ်သည် ဝန်ကြီးဌာန ၃၀ ထဲတွင် အဆင့်နံပါတ် (၅)ချိတ်သည်ကို တွေ့ရပါကြောင်း။

အတတ်နိုင်ဆုံး ရာခိုင်နှုန်းတစ်ခုအထိ တိုးမြှင့်ပေးထားသည်ဆိုသော်ငြားလည်း နိုင်ငံ၏ ဘဏ္ဍာရေးအင်အားက နည်းနေသေးသည့်အတွက် အသုံးစရိတ်ကလည်း နည်းနေဦးမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးတိုးတက်လာပါမှ တစ်နိုင်ငံလုံးအသုံးစရိတ်လည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်ကို အားလုံးသဘောပေါက်ကြမည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍအရည်အသွေးမြင့်မားသည့် တိုင်းပြည်သည် နိုင်ငံကြီးခြင်း ငယ်ခြင်းကတစ်ပိုင်း၊ ယင်းနိုင်ငံ၏ လူ့စွမ်းအားအရည်အသွေး၊ အနိမ့်အမြင့်ပေါ် မူတည်ပြီး ဖွံ့ဖြိုးနေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ပညာအရည်အသွေးမြင့်မားသောနိုင်ငံသည် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုရှိပြီး တစ်ဖန် ဖွံ့ဖြိုးသောနိုင်ငံသည် အရည်အသွေးမြင့်သောပညာရေးကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်ကို တွေ့ရပါကြောင်း။

ထိုစက်ဝိုင်းသံသရာထဲရောက်အောင် မိမိတို့ဦးတည်သွားရန် လိုအပ်ပါကြောင်း၊ တစ်နည်းအားဖြင့် ပညာရေးအရည်အသွေး အနိမ့်အမြင့်နှင့် စီးပွားရေးအနိမ့်အမြင့်တို့ တိုက်ရိုက်အချိုးကျနေပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင် လက်တွေ့မြင်နေရကြောင်း။

ဝန်ကြီးဌာန ဝန်ထမ်းများ၏ အရည်အသွေးကောင်းလျှင် ထိုဝန်ကြီးဌာနလုပ်ငန်း Efficiency ကောင်းမည်ဖြစ်ပြီး ထိုဝန်ထမ်းများအရည်အသွေးညံ့လျှင် ယင်းဝန်ကြီးဌာနသည် ညံ့မည်သာဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ၏ Efficiency တိုးတက်လာအောင် ရေတိုအနေဖြင့် ထိရောက်သော Training များများများပေးရန်၊ ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးရန်နှင့် ရေရှည်စီမံချက်တွင် ပညာရေးကဏ္ဍထဲကိုသာ ရောက်သွားမည်ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအောက်မဟုတ်သော တက္ကသိုလ်၊ ကောလိပ်များ သီးသန့်ပါဝင်သည့် ဝန်ကြီးဌာန ၁၂ ခု ရှိပါကြောင်း၊ ယင်းတက္ကသိုလ်၊ ကောလိပ်များ၏ အရည်အသွေးမြင့်မားလာအောင် ဘယ်လိုလုပ်သင့်သည်ဆိုသည်ကိုလည်း ညှိနှိုင်းအစည်းအဝေးတွင် ခေါင်းစဉ်တစ်ခုအနေဖြင့် ပါမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုကို အထောက်အကူပြုစေသော နိုင်ငံခြားပညာသင်စေလွှတ်မှုကိစ္စတွင် ယခင်က အတော်လေးတင်းကျပ်ပါကြောင်း၊ ယခုဆိုလျှင် ဖြေလျှော့မှုများပြုလုပ်ပေးထားပြီးဖြစ်ပါကြောင်း၊ ယခုထက်ဖြေလျှော့နိုင်အောင်လည်း စဉ်းစားနေပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဝန်ထမ်းရော၊ ဝန်ထမ်းမဟုတ်သူများရော များများသွား များများသင်စေချင်ပါကြောင်း၊ များများတတ်ပြီး များများယှဉ်ပြိုင်စေချင်ပါကြောင်း၊ များများအတွေ့အကြုံရစေချင်ပါကြောင်း၊ ပြီးလျှင် မိမိတို့၏ တိုင်းပြည်ကိုပြန်ပြီး များများအလုပ်အကျွေးပြုစေချင်သည့် နိုင်ငံတော်၏ စေတနာနှင့် ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

နိုင်ငံခြားပညာသင်လွှတ်သည့် အရေအတွက်ကို နှိုင်းယှဉ်ပြရမည်ဆိုလျှင် ၂၀၁၀ ခုနှစ်တွင် ၁၃၉၃ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၁၄၄၇ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၁၇၂၂ ဦးနှင့် ယခုနှစ် ၂၀၁၃ ခုနှစ်တွင် ၂၀၀၀ ကျော်သွားမည်ဖြစ်ပါကြောင်း၊ စိစစ်လုပ်ငန်းကြောင့် အချိန်လွန်ပြီး မသွားရခြင်းမဖြစ်ရအောင် ကြိုတင်ခွင့်ပြုချက်ဖြင့်လည်း စေလွှတ်ပေးနေပါကြောင်း၊ အလားတူ ပြည်ပမှ Workshop, Forum မိမိပြည်တွင်းမှာ လာရောက်လုပ်ပေးမည်ဆိုလျှင်လည်း အားလုံးခွင့်ပြုပေးနေပါကြောင်း။

CESR ထဲမှ ဆွဲထုတ်လိုက်သည် အခြေခံပညာကဏ္ဍ ရှေ့လုပ်ငန်းစဉ် (၁၂) ချက်၊ အဆင့်မြင့်ပညာကဏ္ဍ (၁၃)ချက်ထဲမှ နှစ်ချက် ထောက်ပြလိုပါကြောင်း၊ အခြေခံမှာရော အဆင့်မြင့်မှာပါ ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးပင်ဖြစ်ပါကြောင်း၊ ထို့အတူ ပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများအတွက် မိမိသင်ယူနေသော ပညာရပ်ကို စိတ်အေးချမ်းသာစွာသင်ယူနိုင်အောင်၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများလို ဣန္ဒြေရရရ နေနိုင်အောင် လိုအပ်သည့် တက္ကသိုလ်၊ ကောလိပ်အဆောင်များ စီမံပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏လက်ရှိဘဏ္ဍာရေး အကန့်အသတ်ထဲမှနေပြီး ဘယ်နည်းဘယ်ပုံနှင့် အကြံပေးဘယ်လိုအထောက်အပံ့ပေးနိုင်မည် ဆိုသည်ကို အလေးအနက်ထား ဆွေးနွေးကြရန် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအရေးတကြီးမြှင့်တင်ရန် လိုအပ်နေသည့်အချိန်၊ ရန်ကုန်မြို့ကြီးကဲ့သို့ အချက်အချာကျသည့်နေရာ၌ ပညာရှင်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံတို့နှင့် ဖွဲ့စည်းထားသည့် ဤကော်မတီ အသီးသီးတို့၏အင်အားဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကို နိုင်ငံတကာအဆင့်မီ၊ လက်တွေ့အမှန်တကယ်တိုးတက်လာအောင်၊ အားလုံးဝိုင်းဝန်းဆွေးနွေးအကြံဉာဏ်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။



ဒေါက်တာသိန်းလွင်



ဒေါက်တာမြင့်ကြည်

ထို့နောက် မူကြိုပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မျိုးမြင့်ကြူက "ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးမူဝါဒတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြေခံပညာရေးနှင့် ဆက်စပ်လုပ်ငန်းအဖွဲ့နှင့် ကျောင်းပြင်ပနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ကော်မတီဝင် ဦးတင်ညိုက "စာမေးပွဲနှင့် ပညာရည်စစ်ဆေးတိုင်းတာမှု၊ အခြေခံပညာရေးတည်ဆောက်ပုံ (KG+5+4+3)၊ ဆရာဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ ပညာရေးစီမံခန့်ခွဲမှုလုပ်ငန်းများ၊ ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း (CCA)၊ ကျောင်းပြင်ပပညာရေး၊ ဘုန်းတော်ကြီးသင်ပညာရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အဆင့်မြင့်ပညာရေးနှင့် ဆက်စပ်လုပ်ငန်းအဖွဲ့မှ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်ဆွေမြင့်က "လွှတ်တော်သို့ ကဏ္ဍအလိုက်တင်သွင်းမည့် မူဝါဒဆိုင်ရာအချက်အလက်များ"နှင့် စပ်လျဉ်း၍လည်းကောင်း။

ကျန်းမာရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာဒေါ်ခင်မေအုန်းက "တက္ကသိုလ်နှင့်သင်တန်းကျောင်းများ၊ ဆေးပညာသင်ကြားရေးမျှော်မှန်းချက်၊ ပညာရေးမူဝါဒ၊ လက်တွေ့ကျသော လတ်တလောပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ၊ ရေရှည်ပြောင်းလဲဆောင်ရွက်ရန် ဆွေးနွေးထားရှိမှုများ"နှင့် စပ်လျဉ်း၍လည်းကောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ နည်းပညာတက္ကသိုလ် (မအူပင်) ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်မင်းနိုင်က "နည်းပညာနှင့် သက်မွေးရေးပညာရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ လတ်တလောဆောင်ရွက်မည့်လုပ်ငန်းများ၊ TVET မူဝါဒများ"နှင့် စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောပညာရေးဆိုင်ရာလုပ်ငန်းအဖွဲ့မှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က "ရေဆင်းတက္ကသိုလ်များ၏ မျှော်မှန်းချက်နှင့် အဓိကတာဝန်များ၊ ချက်ချင်းလက်ငင်းဆောင်ရွက်ရန်လုပ်ငန်းစဉ်များ"နှင့် စပ်လျဉ်း၍လည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက်ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး ယနေ့ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ တင်ပြချက်များမှာ အားရစရာကောင်းပါကြောင်း၊ ကျေးဇူးတင်ပါကြောင်း၊ ပညာရေးကဏ္ဍမြင့်မားဖို့ သင်ကြားပေးသည့် ဆရာ ဆရာမများ၏ သင်ယူသည့် အရည်အသွေးစွမ်းရည်မြင့်မားရန် ၎င်းတို့၏ လေ့လာသင်ကြားမှုအခြေအနေများ ကောင်းမွန်စေရန်လိုအပ်ပါကြောင်း၊ ဆရာဆရာမများ၏ ကောင်းမွန်သည့် လူမှုဘဝမြင့်မားရန် ဖန်တီးပေးရမည်ဖြစ်ပါကြောင်း၊ Life Long Learning ဖြစ်အောင် ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ သင်ယူသည့် ကျောင်းသား ကျောင်းသူများ အေးအေးချမ်းချမ်းသင်ယူနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများကို တော်လျှင်တော်သလို ဖန်တီးပေးပါမှ ပိုမိုကြိုးစားချင်စိတ်များ ရှိလာမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ပါမှ ပညာရည်အရည်အသွေးများ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ပညာရေးသင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးနိုင်ရန်အတွက်လည်း ကော်မတီက အကြံပြုပေးပါရန် ပြောကြားလိုပါကြောင်း။

နိုင်ငံတကာရှိ နာမည်ကျော် တက္ကသိုလ်များဖြစ်သည့် အောက်စ်ဖို့နှင့် ကိန်းဘရစ်တက္ကသိုလ်များကိုကြည့်လျှင် ခမ်းနားထည်ဝါမှုမှာ သာမန်မျှသာရှိသော်လည်း ပေါ်ထွက်လာသည့် အရည်အသွေးများမှာ မြင့်မားပါကြောင်း၊ မိမိတို့တက္ကသိုလ်များမှာ ခမ်းနားထည်ဝါမှု သာလွန်ကောင်းမွန်သော်လည်း ပေါ်ထွက်လာသည့် အရည်အသွေးများမှာ ကောင်းမွန်မှုမရှိသေးပါကြောင်း။

တက္ကသိုလ်အဆောင်များ ထားရှိရေးအတွက် ခေတ်ကာလနှင့်လျော်ညီသော အခြေအနေများနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆရာဆရာမများ သတ်မှတ်ထားသည့် အချိုးအစားညီမျှဖို့ လိုအပ်ပါကြောင်း။

အစိုးရပြောင်းလဲသွားသော်လည်း ပညာရေးနှင့်ဆိုင်သည့် အမျိုးသားဥပဒေတစ်ရပ် သတ်သတ်မှတ်မှတ် ရှိရမည်ဖြစ်ပါကြောင်း၊ မည်သည့်အစိုးရပြောင်းပြောင်း ဥပဒေက တည်မြဲရန်လိုအပ်ပါကြောင်း၊ ပညာရှင်များအနေဖြင့်လည်း ပညာရည်မြှင့်တင်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းများ နိုင်ငံတကာအဆင့်မီအောင် တိုင်တိုင်ပင်ပင် ဆွေးနွေးအကြံပြုပေးကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

---

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ကြည့်ရှုနိုင်ရန် ဝင်ခွင့်ကတ်များပြုလုပ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများကို ဝင်/ ထွက်ခွင့် စိစစ်ရေးကတ်ပြားများဖြင့် ဝင်ရောက်ကြည့်ရှုခွင့်ရရှိနိုင်ရေး၊ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် ဝင်/ထွက်ခွင့် စိစစ်ရေးကတ်ပြားများပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ ဝင်/ထွက်ခွင့်ကတ်ပြားများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ကတ်တစ်ကတ်လျှင် ၂၅၀၀ နှုန်းဖြင့် အောက်ဖော်ပြပါနေရာများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြသ၍ကြိုတင်ဆောင်ရွက်နိုင်သည်-

(က) နေပြည်တော်
- (၁) ဝဏ္ဏသိဒ္ဓိ အဆင့်မြင့်အားကစားကွင်း အမှတ်(၁)ဂိတ်။
- (၂) လယ်ဝေးရှိ အမှတ်(၂) အားကစားလေ့ကျင့်ရေးစခန်း။
- (၃) ပျဉ်းမနားပေါင်းလောင်း အားကစားကွင်း။
- (၄) နေပြည်တော်ဟိုတယ်ဇုန်ရှိ Junction Center။

(ခ) ရန်ကုန်
- (၁) ဟံသာဝတီအဝိုင်းအနီး Junction Square။
- (၂) သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(ဘော်လီဘောရုံ)။

အဆိုပါ ဝင်/ထွက်ခွင့်ကတ်ပြုလုပ်ထားသူများသည် ပြိုင်ပွဲကာလဖြစ်သည့် ဒီဇင်ဘာလအတွင်းကျင်းပမည့် အားကစားပြိုင်ပွဲများကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော်၊ ရန်ကုန်ရှိ အောက်ဖော်ပြပါ အားကစား ပြိုင်ပွဲကွင်း/ရုံးများသို့ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သည်-

(က) နေပြည်တော်တွင် ကျင်းပမည့်အားကစားနည်းများ

ပြေးခုန်ပစ်၊ ဖူဆယ်၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ မွေ၊ စက်ဘီး၊ မြား၊ မြင်းစီး၊ ရေကူး၊ ပီတန်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘိလိယက်နှင့် စနူကာ၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်၊ ဂျူဒို၊ စစ်တုရင်၊ ဂေါက်သီး၊ လှေလှော်၊ ကနူး/ကယက်၊ ရိုးရာလှေ

(ခ) ရန်ကုန်မြို့တွင် ကျင်းပမည့်အားကစားနည်းများ
- (၁) သိမ်ဖြူကွင်းတွင်ပြုလုပ်မည့် ဟော်ကီပြိုင်ပွဲ။
- (၂) သိမ်ဖြူအားကစားရုံတွင်ပြုလုပ်မည့် အလေးမပြိုင်ပွဲ။
- (၃) အမျိုးသားအားကစားရုံတွင်ပြုလုပ်မည့် ကမ်ပိုနှင့် နပမ်းပြိုင်ပွဲ။
- (၄) ဒဂုံ(မြောက်) သေနတ်ပစ်ကွင်းတွင် ပြုလုပ်မည့် သေနတ်ပစ်ပြိုင်ပွဲ။
- (၅) ရန်ကုန် MICC တွင် ပြုလုပ်မည့် ကာယဗလပြိုင်ပွဲ။

အထက်ပါဝင်/ထွက်ကြည့်ရှုခွင့်ကတ်ပြားသည် လုံခြုံရေးအရ စိစစ်ရေးကတ်ပြားသာဖြစ်သည်။ ဖွင့်ပွဲ/ပိတ်ပွဲနှင့် အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲ ကြည့်ရှုခွင့်လက်မှတ်နှင့် မသက်ဆိုင်ကြောင်းနှင့် နေပြည်တော်တွင် ပြုလုပ်မည့် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားလက်မှတ်နှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ကျင်းပမည့် အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲ ကြည့်ရှုခွင့်လက်မှတ်များအား သီးခြားဝယ်ယူရမည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပြိုင်ပွဲဝင်မြန်မာအားကစားသမားများ အောင်မြင်မှုရရှိစေရေးအတွက် ကိုယ်တိုင်အားပေးနိုင်ရန် ပြိုင်ပွဲများ ဝင်ရောက်ကြည့်ရှုခွင့်လက်မှတ်များကို အမြန်ပြုလုပ်ကြပါရန် ကြိုတင်နှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးဇုန်နယ်မြေ ထူထောင်ရေး ဥရောပသမဂ္ဂနှင့် အမေရိကန် ဆွေးနွေးပွဲများ ပြန်လည်စတင်



ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သော အီတလီနိုင်ငံရှိ ဂျီနိုအာ ပင်လယ်ဆိပ်ကမ်း ကုန်သေတ္တာလွှင်ပြင်ကို တွေ့ရစဉ်။

**ဘရပ်ဆယ် နိုဝင်ဘာ ၁၂**

ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့သည် သူလျှိုလုပ်မှုအရှုပ်တော်ပုံကြောင့် မဟာမိတ်ဆက်ဆံရေး ထိခိုက်ခဲ့ရလင့်ကစား ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေတစ်ရပ် ထူထောင်နိုင်ရေးအတွက် ဆွေးနွေးမှုများကို ပြန်လည်ပြုလုပ်လျက်ရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ကျော်လျက် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ရရှိရန် ရည်ရွယ်ကာ ဒုတိယအကျော့ ဆွေးနွေးပွဲကို နိုဝင်ဘာဒုတိယပတ်အတွင်း ပြန်လည်ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီက ဥရောပခေါင်းဆောင်များ၏ တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများကို သူလျှိုပြုလုပ်ခဲ့ရာမှ တင်းမာမှုများဖြစ်ပေါ်ခဲ့ရပြီး ကုန်သွယ်ရေးဆွေးနွေးပွဲများကို ရပ်ဆိုင်းထားရန်အထိ ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံအချို့က တောင်းဆိုခဲ့ကြသည်။

အီးယူ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဇုန်နယ်မြေသည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေဖြစ်လာမည်ဖြစ်သဖြင့် ပြဿနာများ မည်သို့ပင်ရှိနေစေကာမူ ကုန်သွယ်ရေးဆွေးနွေးပွဲများကို အထိခိုက်မခံသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

အီးယူ-အမေရိကန်တို့၏ တတိယအကျော့ ကုန်သွယ်ရေး ဆွေးနွေးပွဲကို ဝါရှင်တန်၌ ဒီဇင်ဘာလအတွင်း ကျင်းပသွားရန် စီစဉ်ထားသည်။

၂၀၁၄ ခုနှစ်နှောင်းပိုင်းထက် နောက်မကျဘဲ လွတ်လပ်သော ကုန်သွယ်ရေးဇုန်နယ်မြေ ထူထောင်နိုင်ခြင်းဖြင့် ယင်းဇုန်နယ်မြေသည် ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းကို ကိုယ်စားပြုလာနိုင်မည်ဖြစ်သည်။ ဥရောပသမဂ္ဂ၏ အဖွဲ့ဝင် ၂၈ နိုင်ငံမှ ပြည်သူသန်း ၅၀၀ သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အသီးအပွင့်များကို ရရှိခံစားလာနိုင်မည်ဖြစ်သည်။

**ရိုက်တာ။**

## ဆီးရီးယားနိုင်ငံ၌ ပိုလီယိုအကြောသေရောဂါဖြစ်ပွား ကလေး၁၃ ဦးသေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၁၂**

ဆီးရီးယားနိုင်ငံအတွင်း ပိုလီယိုအကြောသေရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိရာကလေးငယ် ၁၃ ဦး သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) က နိုဝင်ဘာ ၁၂ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

ပိုလီယိုအကြောသေရောဂါဖြစ်ပွားစေသော ဗိုင်းရပ်စ်ပိုးမှာ ကူးစက်မှုအလွန်လျင်မြန်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးချက် ထုတ်ပြန်ထားသည်။ အဆိုပါ ပိုလီယိုဗိုင်းရပ်စ်မှာ အမျိုးအစား (၁) (ဒဗလျူပီဗွီ-၁)ဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသည်။

ယင်းပိုလီယိုဗိုင်းရပ်စ်သည် ပါကစ္စတန်နိုင်ငံမှ စတင်ကူးစက်ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသနိုင်ငံများရှိ ကလေးငယ်များကို ဒုက္ခပေးနိုင်ကြောင်း ဒဗလျူအိပ်ချ်အိုက ပြောကြားသည်။

**ဆင်ဟွာ။**

## ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်၌ နိုင်ငံခြားသားလုပ်သားများနှင့် ရဲတပ်ဖွဲ့ အဓိကရုဏ်းဖြစ်ပွား

**ရီယာ့ဒ် နိုဝင်ဘာ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်ရှိ ဆင်းရဲသားအများစုနေထိုင်ရာအရပ်တွင် နိုင်ငံခြားသားအလုပ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗီဇာစည်းမျဉ်း ချိုးဖောက်သည့် နိုင်ငံခြားသားအလုပ်သမားများအား ဖြိုခွင်းသည့် ရက်သတ္တတစ်ပတ်ကြာ စစ်ဆင်ရေးအတွင်း လူပေါင်းရာနှင့်ချီကာ ဖမ်းဆီးခဲ့သည်။

ဆော်ဒီလုံခြုံရေးတပ်ဖွဲ့များက ရှန်းရင်းဆန်ခတ်ဖြစ်နေသောလူအုပ်စုအား ဝေဟင်အတွင်း သေနတ်ဖောက်ကာ ခြောက်လှန့်ခဲ့ပြီး နံပါတ်တုတ်များအသုံးပြု၍ ဖြိုခွင်းခဲ့ကြောင်း၊ လမ်းများအတွင်းသို့ လူအများပြေးဝင်သွားကြကြောင်း၊ ထွက်ပြေးသွားသူအချို့က ကျောက်ခဲများနှင့် အခြားအရာဝတ္ထုများဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မော်တော်ယာဉ်များကို ပစ်ပေါက်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်တွင် လူနှစ်ဦးသေဆုံးခဲ့သည်။ တစ်ဦးမှာ ဆော်ဒီအာရေဗျလူမျိုးဖြစ်ကာ အခြားတစ်ဦးကို အတည်ပြုနိုင်ခြင်းမရှိကြောင်း၊ လူ ၅၆၁ ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူ ၆၈ဦးရှိကြောင်း ဆော်ဒီရဲအဖွဲ့ဝင်၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆော်ဒီရဲတပ်ဖွဲ့နှင့် တိုက်ခိုက်မှုတွင်ပါဝင်သူ နိုင်ငံခြားသား လုပ်သားအများစုမှာ အာဖရိကတိုက်သားများဖြစ်ကြသည်။

**ပီတီအိုင်။**





စက်တင်ဘာလက ဆန္ဒပြပွဲအတွင်း ဂရင်းပိစ်အဖွဲ့မှ လှုပ်ရှားသူများက အာတိတ်ဒေသရှိ ကမ်းလွန်ရေနံတူးစင်ပေါ် တက်ရန် ကြိုးပမ်းကြစဉ်။

## ဂရင်းပိစ်လှုပ်ရှားသူများကို ရုရှား၌ ရုံးတင်စစ်ဆေးရန်ပြင်ဆင်

**မော်စကို နိုဝင်ဘာ ၁၂**

အာတိတ်ဒေသ၌ ရေနံတူးဖော်မှုပြုလုပ်ခြင်းကို ကန့်ကွက်ဆန္ဒပြကြရာမှ ရုရှားနိုင်ငံ၌ ထိန်းသိမ်းခံထားရသူ လူ ၃၀ကို နိုင်ငံမြောက်ပိုင်း မာမန့်စ်မြို့မှ စိန့်ပီတာစဘတ်မြို့သို့ ရွှေ့ပြောင်းပေးလိုက်ကြောင်း၊ ၎င်းတို့ကို တရားရုံးတင်စစ်ဆေးခြင်းမရှိမီ ရွှေ့ပြောင်းပေးခြင်းဖြစ်ကြောင်း ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးမှူးများက နိုဝင်ဘာ ၁၂ရက်တွင် ပြောကြားသည်။

ဂရင်းပိစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ လှုပ်ရှားသူ ၂၈ ဦးနှင့် သတင်းထောက်နှစ်ဦးတို့သည် စက်တင်ဘာလအတွင်းက ဆန္ဒပြပွဲပြုလုပ်စဉ်အတွင်း ရုရှားနိုင်ငံက အာတိတ်ဒေသ၌ ပထမဆုံးဖွင့်လှစ်ထားသော ကမ်းလွန်ရေနံတူးဖော်ရေးစင်ပေါ်သို့ တက်ရောက်ရန်ကြိုးပမ်းခဲ့သဖြင့် ရုရှားကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ၎င်းတို့ကို ထိန်းသိမ်းခဲ့သည်။ စိန့်ပီတာစဘတ်မြို့သည် မာမန့်စ်မြို့မှ မိုင် ၈၃၀ ခန့် အကွာတွင် တည်ရှိသည်။

**ပီတီအိုင်။**









# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၂၂၇ ဦး၊ နေပြည်တော် တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှပါတီဝင် ၂၃၃ ဦး၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၅၀၊ The Innovative အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ သင်တန်းသား ၃၂ ဦးနှင့် နိုင်ငံရေးနှင့် အရပ်ဘက် ပါဝင်လှုပ်ရှားမှုအဖွဲ့ (Institute for political and Civic Engagement- IPACE) မှ အဖွဲ့ဝင် ၇၄ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖတ်စရာ မှတ်စရာ — ALEZ

## မြင်းကောင်ရေ ၅၀၀၀ အားနှင့် Devel Sixteen

လက်ရှိ ကမ္ဘာတစ်ဝန်းတွင် မြန်နှုန်းမြင့် ကားများစွာ၏ အမြန်နှုန်းစံချိန်ကို ချိုးနိုင်တော့မည့် မြန်နှုန်းမြင့် ပြိုင်ကားတစ်မျိုးကို ဒူဘိုင်း နိုင်ငံတကာကားပြပွဲတွင် ပွဲထုတ်မိတ်ဆက်ပြသလိုက်သည်။ Devel Sixteen ဟု အမည်ရသော အဆိုပါကားကို ဖော်မြူလာဝမ်း ကားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လေ့ရှိပြီး နာမည်ကျော်ပြိုင်ကားများ၏အင်ဂျင်စနစ်ကို အခြေခံကာ ယင်းကဲ့သို့ မြန်နှုန်းမြင့်ထူးခြားသော ကားကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု Devel Sixteen ၏ တည်ဆောက်ရေးအင်ဂျင်နီယာအဖွဲ့မှ မီဒီယာများသို့ ပြောကြားသည်။ အဆိုပါကားကို ဒူဘိုင်းမြို့တွင်း၌ပင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာကျော်ပြိုင်ကားများနှင့်ယှဉ်၍ မောင်းနှင်စေမည်ဟု သိရသည်။ ကားအတွင်းပိုင်းတွင် ကမ္ဘာကျော်ပြိုင်ကားတို့၏ အစဉ်အလာအတိုင်း အင်ဂျင်ကို ကား၏ အနောက်ဘက်တွင်ပင်ထားရှိကာ V16 အင်ဂျင်အမျိုးအစားဖြစ်သည်ဟု သိရသည်။ မြင်းကောင်ရေအား ၅၀၀၀ ခန့်ရှိပြီး တစ်နာရီလျှင် ၅၆၀ ကီလိုမီတာခန့် အမြန်နှုန်း ရှိနိုင်သည်ဟု ဒူဘိုင်းနိုင်ငံတကာကားပြပွဲရှိ ပြန်ကြားရေးမီဒီယာများမှ ပြောကြားသည်။ ကား၏ ကိုယ်ထည်ပိုင်းကို ကာဗွန်ဖိုင်ဘာသတ္တုစပ်တစ်မျိုး အသုံးပြုထားပြီး ကြီးမားကျယ်ပြန့်သော တာယာနှင့် ဘီးလေးဘီး ပါဝင်သည်ဟုသိရသည်။ ပြိုင်ကားစွဲလမ်းနှစ်သက်သူ ပရိသတ်များ၏ အထူးစိတ်ဝင်စားမှုကို ပြပွဲပြုလုပ်စဉ်အတွင်း ကောင်းမွန်သော မှတ်ချက်များစွာကိုလည်း ရရှိခဲ့သည်ဟု ပြပွဲကျင်းပသူ တာဝန်ခံများက ပြောကြားသည်။ ၎င်းကားတွင် တံခါးနှစ်ပေါက်ပါဝင်ပြီး အပေါ်ဘက်သို့ မတင်တွန်းဖွင့်ရသည့် ပုံစံမျိုးဖြစ်ပြီး ကား၏ ရှေ့ဦးခေါင်းပိုင်းကို ငှက်တစ်ကောင်၏ ဦးခေါင်းပိုင်းပုံစံမျိုး ဒီဇိုင်းထုတ်လုပ်ထားသောကြောင့် လေဟုန်ခွင်းအား အထူးကောင်းမွန်မည်ဟု သိရသည်။ ပေါ့ပါးခိုင်ခံ့သော ကိုယ်ထည်နှင့် ကြီးမားသော အင်ဂျင်လည်ပတ်မှု စွမ်းအင်စနစ်တို့ကြောင့် လမ်းမများထက်တွင် လေဟပ်သွားသယောင် ထင်မြင်မိကြမည့် အဆိုပါကားကို ဒူဘိုင်းရှိသန်းကြွယ်သူဌေးများက အထူးစိတ်ဝင်စားလျက်ရှိသည်ဟု ဒူဘိုင်းပြန်ကြားရေးမီဒီယာများတွင် တွေ့ရသည်။ လူနှစ်ဦးသာ လိုက်ပါစီးနင်းနိုင်ပြီး အင်ဂျင်အတွက် ကားတစ်စီးလုံး အတိုင်းအတာ၏ တစ်ဝက်ခန့် နေရာပေးထားရပြီး ကြီးမားသည့် ပါဝါအိတ်ဇော နှစ်ပေါက် ပါဝင်သည်ဟု သိရသည်။ အတွင်းပိုင်းဖွဲ့စည်းမှုမှာ ဒီဇိုင်းထူးခြားပြီး ၁ ဒသမ ၈ စက္ကန့်အတွင်း ၆၂ မိုင်နှုန်းအထိ အရှိန်မြှင့်တင်မောင်းနှင်နိုင်သော အဆိုပါပြိုင်ကားကို ဈေးနှုန်းအားဖြင့် အတိအကျ ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။



○ **ကျောဖုံးမှ**

အသက်(၂၆)နှစ်အရွယ်ရှိ တင်းနစ်ကျော် ဂျိုကိုဗစ်သည် ATP World Tour တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဆွစ်ဇာလန်တင်းနစ် ကစားသမား ဝေါရင်ကာအား ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်အား အနိုင်ရရှိခဲ့ခြင်းကြောင့် ၎င်း၏ ယခုနှစ်တင်းနစ်ပြိုင်ပွဲ ၂၂ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် ဆီမီးဖိုင်နယ်တွင် ဆွစ်ဇာလန်တင်းနစ်ကစားသမား ဖက်ဒဲရားအား ၈-၅၊ ၆-၃ ဖြင့် ပွဲပြတ်အနိုင်ရရှိခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲတွင်မူ ကမ္ဘာ့အဆင့်(၂) ဂျိုကိုဗစ်အား ရှုံးနိမ့်ခဲ့ရပြီး ATP World Tour တင်းနစ်ဖလားရရှိရေး အိပ်မက်ပျက်ပြယ်ခဲ့ရသည်။ **(ငွေကြယ်)**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား ကြည့်ရှုနိုင်ရေးကြိုတင် လက်မှတ်များဝယ်ယူနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ ရက် ညနေ ၆ နာရီတွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ ရက် ညနေ ၆ နာရီတွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအဆင့်မြင့်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကို ဝင်ရောက်ကြည့်ရှုနိုင်ရေး ကြိုတင်လက်မှတ်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် Online မှ ရောင်းချပေးသွားမည်ဖြစ်သည်။ Online စနစ်ဖြင့် ကြိုတင်ဝယ်ယူလိုပါက SEA Games Official Website ဖြစ်သည့် www.27seagames2013.com ရှိ TICKETING နေရာသို့ ဝင်ရောက်ဝယ်ယူနိုင်သည်။ ကိုယ်တိုင်ဝယ်ယူလိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ အောက်ဖော်ပြပါနေရာများတွင် ကြိုတင်ဝယ်ယူရရှိနိုင်သည်-

(က) **နေပြည်တော်**
- (၁) ဝဏ္ဏသိဒ္ဓိအဆင့်မြင့် အားကစားကွင်း အမှတ်(၁)ဂိတ်။
- (၂) မြို့မဈေး ဆိုင်ခန်းအမှတ် ပ-၁၁၂။
- (၃) ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်း။

(ခ) **ရန်ကုန်**
- (၁) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Arrival ခန်းမ။
- (၂) ဗိုလ်ချုပ်ဈေးရှေ့ မိုးယံထီဆိုင်။

(ဂ) **မန္တလေး**
- (၈၄) လမ်း၊ (၃၁×၃၂) လမ်းကြား မိုးယံထီဆိုင်

ရောင်းချမည့် လက်မှတ်ဈေးနှုန်းများမှာ ဖွင့်ပွဲ (သို့မဟုတ်) ပိတ်ပွဲအခမ်းအနားတစ်ခုအတွက် နိုင်ငံခြားသားအထူးတန်း အမေရိကန်ဒေါ်လာ ၅၀၊ ရိုးရိုးတန်း အမေရိကန်ဒေါ်လာ ၃၀ နှင့် မြန်မာနိုင်ငံသားတစ်ဦးလျှင် အထူးတန်း ငါးထောင်ကျပ်၊ ရိုးရိုးတန်း သုံးထောင်ကျပ်နှုန်းဖြင့် နိုင်ငံခြားသားများအတွက် Passport မိတ္တူ၊ နိုင်ငံသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်တို့ပြသ၍ ၁၈-၁၁-၂၀၁၃ ရက်မှ ၃၀-၁၁-၂၀၁၃ ရက်အတွင်း ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ် ဝယ်ယူထားသူကိုယ်တိုင် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုရမည်။ အခြားသူတို့ တစ်ဆင့်လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်းတို့အတွက် လုံးဝဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း မေတ္တာရပ်ခံအပ်သည်။

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အားကစားဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၆၂၃၈၊ ၀၆၇- ၄၀၆၂၃၉၊ Accord Myanmar Co.,Ltd. ဖုန်း-၀၁-၅၆၄၃၁၇၊ ၀၉-၅၁၃၂၃၀၀၊ ၀၉-၇၃၀၉၄၁၅၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် ပြိုင်ပွဲ၏ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကို ကိုယ်တိုင်တက်ရောက်အားပေးနိုင်ရေးအတွက် လက်မှတ်များ ကြိုတင်ဝယ်ယူထားနိုင်ပါရန် အသိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တယ်လီဖုန်းတိုင် ကျိုးကျ၍ ထိခိုက်ဒဏ်ရာရရှိ

**ကသာ နိုဝင်ဘာ ၁၂**

ကသာမြို့ အမှတ်(၄)ရပ်ကွက် ရောတိုက်ခန်းနေ ဦးမောင်မောင်တင်သည် ၂ယ/. . . . ကန်ဘို ၁၁၀ အနက်ရောင်ဆိုင်ကယ်အား မောင်းနှင်လာစဉ် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီခန့်က ကသာမြို့ ရပ်ကွက် (၄) မိုးမခဘီယာဆိုင်လမ်းထောင့်နှင့် ဆေးရုံလမ်းလမ်းဆုံရှိ ဖုန်းကြိုးပေါ်သို့ သစ်ကိုင်းကျိုးကျကာ တယ်လီဖုန်းတိုင်မှာ ဦးမောင်မောင်တင်၏ ဆိုင်ကယ်ပေါ်သို့ လဲပြိုခဲ့သည်။

အဆိုပါ ဖုန်းတိုင်ကျိုးကျခဲ့မှုကြောင့် ဦးမောင်မောင်တင်တွင် ဦးခေါင်းနောက်ကွဲအက်ဒဏ်ရာ၊ နဖူးကွဲဒဏ်ရာ၊ ခါးဒဏ်ရာများ ရရှိခဲ့သဖြင့် ကသာဆေးရုံကြီးမှတစ်ဆင့် မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းကုသခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်း(ကသာ)**



# သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ

*လယ်တွင်းသားစောချစ်*

မြန်မာနိုင်ငံတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို 'စာဆိုတော်နေ့'အဖြစ် သတ်မှတ်ထားသည်။ နတ်တော်လမှာလည်း စာဆိုတော်လဖြစ်၍ စာပေဟောပြောပွဲများ ကျင်းပကြသည်။

ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လတွင် စာဆိုတော်ကြီးများကို ဘွဲ့ထူး၊ ဂုဏ်ထူးများပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိသည်။

ယခုမျက်မှောက်ကာလမှာလည်း နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့တွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နိုင်ငံတော်က ချီးမြှင့်လျက်ရှိပါသည်။

ထိုသို့နိုင်ငံတော်က ချီးမြှင့်သည့်အပြင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုစသည့် ပုဂ္ဂလိကစာပေစေတနာရှင်များကလည်း ထူးချွန်သော စာပေပညာရှင်များကို ထိုက်တန်စွာ စာပေဆုများချီးမြှင့်ခြင်းဖြင့် စာပေကို မြင့်စေကြပါသည်။

စာဆိုတော်နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုလျက် မြန်မာနိုင်ငံစာရေးဆရာအသင်းသည် အသက် (၈၀) မှစပြီး အသက် (၈၀) ကျော်အရွယ်ရှိကြသော သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ခေတ်အဆက်ဆက်မှ စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများသည် အလိမ္မာရှိသောစာ၊ နိုင်ငံ၊ လူမျိုးကို ချစ်မြတ်နိုးစေသော စာ၊ အသိအမြင် ဉာဏ်ပညာဖြစ်စေသော စာ၊ ကမ္ဘာနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသောစာများစွာတို့ကို ရေးသားပြုစုခဲ့ကြသည်။

စာပေပညာရှင်ကြီးများ ရေးသားပြုစုသော သုတစာပေ၊ ရသစာပေတို့ကို ဖတ်ရှုလေ့လာခြင်းဖြင့်နိုင်ငံသူ နိုင်ငံသားများ အသိအလိမ္မာဉာဏ်ပညာကြီးမြင့်ရသည်။ နိုင်ငံလူမျိုးချစ်မြတ်နိုးစိတ် ဖြစ်ရသည်။ အမှန်နှင့်အမှား၊ တရားနှင့်မတရား၊ အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ် ခွဲခြားသိမြင်စေသည်။

စာပေပညာရှင်ကြီးများရေးသားပြုစုခဲ့သည့်စာများကြောင့် လူတစ်ဦးချင်းစီကို အောင်မြင်စေသည်။ တိုးတက်စေသည်။ အေးချမ်းစေသည်။ ကောင်းကျိုးများစွာရစေသည်။ ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်

**ခေတ်အဆက်ဆက်မှ စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများသည် အလိမ္မာရှိသောစာ၊ နိုင်ငံ၊ လူမျိုးကို ချစ်မြတ်နိုးစေသော စာ၊ အသိအမြင် ဉာဏ်ပညာဖြစ်စေသော စာ၊ ကမ္ဘာနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေသော စာများစွာတို့ကို ရေးသားပြုစုခဲ့ကြသည်။**

ကျေးဇူးမှာ ကြီးမားလှပါသည်။ ယခုအခါ ဆရာကြီး ဆရာမကြီးများ အသက်အရွယ်ကြီးရင့်အိုမင်းကြလေပြီ။ ထို့ကြောင့် ဆရာကြီး ဆရာမကြီးများ၏ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိကို ဆင်ခြင်အောက်မေ့၍ လေးစားရိုသေစွာ စာပေကန်တော့ပွဲ ဆင်နွှဲကြခြင်း ဖြစ်ပါသည်။

၁၉၈၀ ပြည့်နှစ်တွင် ပထမအကြိမ် စတင်ကန်တော့စဉ်က ကန်တော့ခံ သက်ကြီးစာပေပညာရှင်မှာ ၁၀ ဦး သာရှိပါသည်။ ၁၉၉၅ ခုနှစ်တွင် ၄၂ ဦးထိ တိုးလာပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ကန်တော့နိုင်ခြင်းဖြစ်သည်။ ၁၉၉၆ ခုနှစ်မှစ၍ တစ်ပြည်လုံးမှ စာပေပညာရှင်ကြီးများကို ကန်တော့ပါသည်။ ၆၆ ဦးထိ တိုးလာပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ၁၀၀ ကျော်အထိရှိလာသည်။ မနှစ်က ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၁၇၀ အထိရှိသည်။ ဆရာကြီး ဆရာမကြီးများကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့်ဆေးဝါး၊ စာအုပ်စာပေများကိုလှူဒါန်းနိုင်ခဲ့သည်။ ရွှေသံလွင်စကိုင်းနက်ရှပ်သံမှ ဆရာကြီး ဆရာမကြီးများကို စကိုင်းနက်ရှပ်သံဖမ်းစလောင်းနှင့်တကွစက်များ အိမ်တိုင်ရာရောက် တပ်ဆင်လှူဒါန်းခဲ့ပါသည်။ ယခုနှစ်တွင် အသစ်တိုးလာသူများရှိသကဲ့သို့ ကွယ်လွန်သူများလည်းရှိရာ ကန်တော့ခံစာပေပညာရှင် ၁၇၁ ဦးဖြစ်ပါသည်။

ယခုနှစ်တွင်လည်း ကန်တော့ခံစာပေပညာရှင်ကြီးများကို အနည်းဆုံး ငွေကျပ် နှစ်သိန်းစီကန်တော့နိုင်ရန် ကြိုးစားပြီး အလှူခံလျက်ရှိပါသည်။ နှစ်စဉ်မှာပင် နိုင်ငံတော်သမ္မတရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံရေး ပါတီအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်၊ မန္တလေးမြို့တော်စည်ပင်နှင့်ကုမ္ပဏီအဖွဲ့အစည်းများက လှူဒါန်းကြသည်။ အများဆုံးလှူဒါန်းငွေရသည်မှာ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများထံမှ ဖြစ်သည်။ စာရေးဆရာများ၊ ပုဂ္ဂလိက စေတနာရှင်များကလည်း လှူဒါန်းကြပါသည်။

မိမိတို့ကိုယ်တိုင် စာအုပ်စာပေများကို ဖတ်မှတ်လေ့လာခြင်းဖြင့် အသိအလိမ္မာ၊ ဉာဏ်ပညာကြီးမြင့်၍ လုပ်ငန်းများ အောင်မြင်တိုးတက်ခြင်း၊ မိမိတို့ဘဝကို ကောင်းမွန်မှန်ကန်စွာ စောင့်ရှောက်နိုင်ခြင်း၊ ပစ္စုပ္ပန် သံသရာ ကောင်းကျိုးရစေခြင်း ဂုဏ်ကျေးဇူးများကိုအောက်မေ့ဆင်ခြင်၍ မြန်မာနိုင်ငံအရပ်ရပ်မှ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်စာပေမွေ့လျော်သူများခင်ဗျား ယခုနှစ် ဒီဇင်ဘာ ၁ ရက် (၁-၁၂-၂၀၁၃) တွင် ကန်တော့ပူဇော်မည့် သက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများကို ကန်တော့ပူဇော်ပွဲအမီ အလှူငွေများပါဝင်လှူဒါန်းလိုပါလျှင် မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့် စာပေဗိမာန် ဒုတိယအထပ် ရန်ကုန်မြို့သို့ ပေးပို့လှူဒါန်းနိုင်သည်။ ဖုန်းဖြင့်ဆက်သွယ်လှူဒါန်းလိုပါလျှင် ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ ဖက်စ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများ၏ စာပေဂုဏ်ကို ပူဇော်၍ စာပေချစ်မြတ်နိုးကြကုန်သော စေတနာရှင်များအား ပါဝင်လှူဒါန်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်ခင်ဗျား။ ။

## သက်ကြီးစာပေပညာရှင်များ ကန်တော့ပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက်(၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့မြဲဖြစ်သည့်အတိုင်း ယခုနှစ်တွင်လည်း ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ နိုဝင်ဘာ ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံးအစည်းအဝေးခန်းမ၌ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။

သုတစာပေ၊ ရသစာပေများကိုရေးသား၍ နိုင်ငံအကျိုး၊ အများပြည်သူအကျိုးသယ်ပိုးဆောင်ရွက်ကြကုန်သော စာရေးဆရာကြီး၊ စာရေးဆရာမကြီးများအား ထိုက်တန်စွာကန်တော့ပူဇော်နိုင်ရန်အတွက် စာပေကျေးဇူးကို အလေးအမြတ်ပြုကြကုန်သော စေတနာရှင်များအနေဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံဆက်သွယ်၍ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

| | |
|---|---|
| ဦးစိုးထိုက် | - ၀၁-၂၅၂၄၁၇၊ ၀၉-၄၂၁၁၄၆၉၇၈ |
| မြန်မာနိုင်ငံစာရေးဆရာအသင်း | |
| ဦးအောင်ကျော်ဦး | - ၀၁-၅၄၄၅၈၂၊ ၀၉-၇၃၀၀၆၄၈၁ |
| ညွှန်ကြားရေးမှူး | |
| မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာန | |
| ဦးအေးကြွယ် | - ၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇ |
| ညွှန်ကြားရေးမှူး(ပြန်/ဆက်) | |

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## အလက (၁)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း (ယခင် အမက-၅၊ ဒဂုံ)(ဘိရှော့ဟုမ်း)၌ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ တက်ရောက် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ကောင်းသုတခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကိုယ်တိုင်တက်ရောက် ပူဇော်ကြပါရန်နှင့် အလှူငွေနှင့် ကန်တော့ပစ္စည်း ပါဝင်လှူဒါန်းလိုပါက ဆရာမ ဒေါ်လှလှကြည် ဖုန်း ၀၉-၄၄၈၀၁၁၈၄၉၊ ဆရာမဒေါ်လဲ့လဲ့ဝင်း ဖုန်း- ၀၉-၅၀၃၄၁၃၂၊ ဆရာမ ဒေါ်အေးအေး (၂) ဖုန်း- ၀၉၇၃၀၂၀၁၀၅၊ ဆရာမ ဒေါ်သီတာကျော် ဖုန်း - ၀၉-၄၄၈၀၅၀၆၈၆၊ မောင်စည်သူဝင်း ဖုန်း - ၀၉-၄၂၀၁၀၉၅၃၂၊ မောင်ဇင်ရဲလင်း ဖုန်း- ၀၉-၅၀၂၂၁၄၄၊ မောင်ဝင်းမော်ဦး ဖုန်း- ၀၉-၇၃၀၀၉၄၉၂နှင့် မအေးချမ်းဖြူ ဖုန်း- ၀၉-၅၁၃၇၁၆၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(ကြေးမုံ)**

## ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့ပါးစေရန် ပုဂ္ဂလိကပိုင်မီးစက်များ မကြာမီဖယ်ရှားမည်



**ရန်ကုန် နိုဝင်ဘာ ၁၂**

ပုဂ္ဂလိကပိုင်မီးစက်များအား လူသွားစင်္ကြံနှင့် လမ်းနယ်နိမိတ်တို့တွင် ချထားသုံးစွဲခွင့်ပြုခဲ့ရာမှ မကြာမီ ဖယ်ရှားရှင်းလင်းတော့မည်ဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ သက်ဆိုင်သူများအား နိုဝင်ဘာ ၁၁ ရက်က အသိပေးနှိုးဆော်ထားကြောင်းသိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများ လျှပ်စစ်မီးသုံးစွဲမှု အဆင်ပြေစေရေးအတွက် လူသွားစင်္ကြံများ၊ လမ်းဧရိယာများအတွင်းတွင် မီးစက်များချထားမှုအပေါ် နှစ်စဉ်ကြေးကောက်ခံ၍ ယာယီခွင့်ပြုထားကြောင်းသိရသည်။ လက်ရှိအခြေအနေတွင် ရန်ကုန်မြို့တော်အတွင်း ယာဉ်စီးရေတိုးတက်များပြားလာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာခြင်းတို့ကြောင့် လူသွားစင်္ကြံနှင့် လမ်းနယ်နိမိတ်အတွင်း မီးစက်များအား ချထားခွင့်မပြုသည့်အပြင် နှစ်စဉ်ကြေးကောက်ခံမှုကို ယာယီရပ်ဆိုင်းထားခြင်းဖြစ်သည်။

အများပြည်သူအသုံးပြုရန်အတွက် လမ်းတိုးချဲ့ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်၍ လူသွားစင်္ကြံနှင့် လမ်းဧရိယာအတွင်းရှိ မီးစက်အား ဖယ်ရှားရှင်းလင်း ပေးရန်လိုအပ်လာမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ပါရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ပုဂ္ဂလိကလုပ်ငန်းရှင် မီးစက်ပိုင်ရှင်များအား အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(စောသိန်းဝင်း)**

## လမ်းမတော်၌ တန်ဆောင်တိုင်ပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် (၇၆)နှစ်မြောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို အနော်ရထာလမ်းတစ်လျှောက် နိုဝင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း၊ (၅)ရပ်ကွက် (၁၁)လမ်း မိသားစု၏ (၆၂)ကြိမ်မြောက် မဟာဒုတ်ဆွမ်းလောင်း အလှူတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကိုလည်း အဆိုပါရက်အတွင်း ပြုလုပ်မည်ဖြစ်ကြောင်း လမ်းမတော်မြို့နယ်အတွင်း နေထိုင်သူများက ဆိုသည်။

မြို့နယ်တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်ကျင်းပသကဲ့သို့ ယခုနှစ်တွင်လည်း ဈေးရောင်းဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ (၁၃)လမ်း (အောက်လမ်း)တွင်လည်း မီးထွန်းပွဲတော်နှင့်အတူ ကာတွန်းပြပွဲပါ အများပြည်သူကြည့်ရှုနိုင်ရန် ချိတ်ဆွဲပြသထားရာ နှစ်စဉ်ပြည်သူအများ ပွဲတော်ရက်အတွင်း ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိကြောင်း လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

(၅)ရပ်ကွက် (၁၁)လမ်းမိသားစု မဟာဒုတ်အလှူတော်တွင် နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ဆူတောင်းပြည့်ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဘုရားမဏ္ဍပ်သို့ပင့်ဆောင်အပူဇော်ခံထားရှိမည်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက် အရုဏ်တွင် ပင့်သံဃာအပါး ၂၀၀ အား မြသပိတ်ဆွမ်းနှင့် စာရေးတံမဲများ လှူဒါန်းမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်ထိ သုံးရက်တိုင်တိုင် ညနေ ၆ နာရီခွဲမှစ၍ ဘုရားဖူးလာပရိသတ်များအား ညစဉ်အကျွေးအမွေးများဖြင့် ဧည့်ခံမည်ဟု (၁၁)လမ်းအတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

စည်းကမ်းလိုက်နာ
ဘေးကင်းကွာ

## သတိပေးနှိုးဆော်ချက်

နေပြည်တော်ကော်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကော်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးအထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

# နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ရေရှည်ဖြည့်ဆည်းပေးနိုင်ရန် နှစ် (၃၀) လျှပ်စစ်မဟာဗျူဟာစီမံကိန်းကို အလေးအနက်ထား ဆောင်ရွက်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပပြီး **မြန်မာနိုင်ငံ၏ ရွှေစာရင်းလက်ကျန်နှင့် နိုင်ငံခြားသုံးငွေ လက်ကျန်စာရင်းများ**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရှင်းလင်းတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ရွှေစာရင်းကို ဗဟိုဘဏ်ကထိန်းသိမ်းထားရှိပါကြောင်း၊ နိုင်ငံခြားသုံးငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံပိုင်ဘဏ်များက လက်ဝယ်တွင် ငွေသားအဖြစ်ထိန်းသိမ်းထားရှိပြီး ပြည်ပရှိဂုဏ်းတို့နှင့်ဆက်သွယ်ထားသည့် ဘဏ်များ၌ ဘဏ်လုပ်ငန်းစာရင်းဖွင့်လှစ်ထည့်သွင်းထားပါကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်ထိ နိုင်ငံတော်ပိုင် ရွှေပမာဏအနေဖြင့် (၇ ဒသမ ၁၅၃၉) တန်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်ထိ နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေပိုင်ဆိုင်မှု ပမာဏသည် (၈ ဒသမ ၁၉)ဘီလီယံရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမှု၊ နိုင်ငံခြားကြွေးမြီရယူခြင်း၊ ပေးဆပ်ခြင်း စသော စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်များအတွက် ပြည်ပသို့ ငွေပေးငွေယူမှုများ နေ့စဉ်ပြုလုပ်နေရသဖြင့် ပေးချေစာရင်းရှင်းမှုများ လွယ်ကူစေရန် ပြည်ပရှိ ဘဏ်များတွင် နော်စကို (လက်တင်ဘာသာမှ ဆင်းသက်လာပြီး ပိုင်ဆိုင်မှုအဓိပ္ပာယ်ရှိ) ဘဏ်စာရင်းဖွင့်လှစ်ထားခြင်း ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကိုအခြေခံ၍ ဆွေးနွေးအတည်ပြုဆောင်ရွက်ခဲ့သည်။

**လျှပ်စစ်ဓာတ်အားခ နှုန်းထားတိုးမြှင့်သတ်မှတ်ခြင်းအပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆောင်ရွက်မည့် အခြေအနေကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ရှင်းလင်းတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တင်ပြရာတွင် နိုင်ငံတော်တစ်ဝန်းလုံး လျှပ်စစ်ဓာတ်အား တိုးမြှင့်အသုံးပြုလာနိုင်မည့်အခြေအနေများကို မျှော်မှန်းပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ရေရှည်ဖြည့်ဆည်းပေးနိုင်ရန် နှစ်(၃၀) လျှပ်စစ်မဟာဗျူဟာစီမံကိန်းကို အလေးအနက်ထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းအရ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ လျှပ်စစ်ဓာတ်အား (၄၉၁၀) မဂ္ဂါဝပ်အထိ လိုအပ်ပါကြောင်း၊ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် (၈၉၂၉)မဂ္ဂါဝပ်တပ်ဆင်ရမည်ဖြစ်သော်လည်း ယနေ့လက်ရှိ တည်ဆောက်ပြီးစီးခဲ့သည့် စက်တပ်ဆင်အင်အား ပမာဏအနေဖြင့် (၃၆၀၀)မဂ္ဂါဝပ်သာ ရှိခဲ့ပါကြောင်း။

စီမံကိန်းလျာထားချက်ပါ ရေအားစက်ရုံစီမံကိန်း(၇)ခု၊ စွန့်ပစ်အပူသုံးစက်ရုံစီမံကိန်း(၃)ခုနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း(၂)ခုတို့ကို တည်ဆောက်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဂ္ဂါဝပ်(၅၀၀၀)ကျော်ခန့် လျော့နည်းခဲ့ပါကြောင်း၊ နှစ်စဉ်ဆောင်ရွက်ရန် စီမံကိန်းချမှတ်ခဲ့သော်လည်း အစိုးရအဖွဲ့တစ်ခုတည်းက တာဝန်ယူသည့်အခါတွင် ဘဏ္ဍာငွေအခက်အခဲကြောင့် လျော့နည်းခဲ့ပြီး လျှပ်စစ်မီးမရသည့်ပြဿနာများ ယနေ့ရင်ဆိုင်နေရပါကြောင်း။

၂၀၁၀ ခုနှစ်တွင် ဓာတ်အားသုံးစွဲမှုသည် (၁၄၂၀) မဂ္ဂါဝပ်သာရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် (၂၀၆၀) မဂ္ဂါဝပ်ထိ ရှိခဲ့ခြင်းကြောင့် ဓာတ်အားသုံးစွဲမှုပမာဏ နှစ်စဉ်(၁၅) ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိပါကြောင်း၊ အဆိုပါ တိုးတက်မှုနှုန်းအရ ၂၀၁၅ ခုနှစ်တွင် မဂ္ဂါဝပ်(၃၀၀၀) ခန့်အထိ သုံးစွဲလာမည်ဖြစ်ပါကြောင်း၊ ဓာတ်အားသုံးစွဲမှုကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံများ အချိန်မီ တည်ဆောက်နိုင်ရန်လိုအပ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် နွေရာသီဓာတ်အားလိုအပ်မှုကို ကြည့်ပါက (၂၃၇၀) မဂ္ဂါဝပ်လိုအပ်မည်ဖြစ်ပြီး လက်ရှိတည်ဆောက်ပြီး ဓာတ်အားပေးစက်များမှ (၁၆၅၅)မဂ္ဂါဝပ်သာ အများဆုံး ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အတွက် (၇၁၅)မဂ္ဂါဝပ်ခန့် ထပ်မံလိုအပ်နေပါကြောင်း၊ လိုအပ်သော ဓာတ်အားများကို ဖြည့်ဆည်းပေးရန်အတွက် တည်ဆောက်ဆဲ ရေအားလျှပ်စစ်စက်ရုံများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး။

**၂၀၁၅ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၃၀၀၀)ခန့်အထိနှင့် ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် မဂ္ဂါဝပ်(၄၀၀၀)ခန့်အထိ သုံးစွဲလာမည်ဖြစ်သည့်အတွက် နောက်ထပ်လျှပ်စစ်ဓာတ်အား (၁၅၀၀)မဂ္ဂါဝပ်ခန့် ထပ်မံဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ယင်းဓာတ်အားပမာဏ ဖြည့်ဆည်းပေးနိုင်ရန် (၅၀၀)မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ (၃)ရုံကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အမီ အဆင့်အလိုက် အချိန်မီပြီးစီးအောင် တည်ဆောက်ရန်လိုအပ်ပြီး အမေရိကန်ဒေါ်လာသန်း(၂၁၀၀)ခန့် လိုအပ်မည်ဖြစ်**ပါကြောင်း၊ ရင်းနှီးမြှုပ်နှံငွေပမာဏကို အစိုးရအဖွဲ့တစ်ဦးတည်းက ကျခံဆောင်ရွက်ရန်မဖြစ်နိုင်သည့်အတွက် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုပမာဏများသည့် ဓာတ်အားပေးစက်ရုံများ ရင်းနှီးမြှုပ်နှံတည်ဆောက်နိုင်ကြရန် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း။

ပုဂ္ဂလိကပိုင်းက လာရောက်ရင်းနှီးမြှုပ်နှံရာတွင် ဝန်ကြီးဌာနအနေဖြင့် အခက်အခဲဖြစ်နေသည်မှာ ဓာတ်အားခနှုန်းထားပင်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်များအပေါ် တွက်ခြေကိုက်မှုကို ရည်ရွယ်စဉ်းစားပြီး ဓာတ်အားခနှုန်းထားတောင်းခံပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ အတွေ့အကြုံမျိုး မရှိခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့က ကျွမ်းကျင်သော ပညာရှင်များခေါ်ယူပြီး ဓာတ်အားခနှုန်းထားကို သုံးသပ်တွက်ချက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနက ဝယ်ယူနိုင်မည့်နှုန်းထားနှင့် ပုဂ္ဂလိကကုမ္ပဏီများက ရောင်းနိုင်မည့်နှုန်းထားများ ညှိနှိုင်းရာတွင် အခက်အခဲများ တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဓာတ်အား ထုတ်လုပ်မှုစရိတ် တစ်ယူနစ် ဓာတ်ငွေ့တန်ဖိုးမပါ (၃ ဒသမ ၄)ဆင့်ပေးရန် ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီအနေဖြင့် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း အရင်းကျေကာလသတ်မှတ်ပြီး (၃)နှစ်ကျော်ပါက ဓာတ်အားခတိုး၍ပေးရန် တောင်းဆိုသည့်ကိစ္စများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ရောင်းချရသော ဓာတ်အားခနှုန်းထားနည်းသည့်အတွက် ဝန်ကြီးဌာနက အရှုံးခံသွားရမည်ဖြစ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသူတိုင်းကို ဝန်ကြီးဌာနအနေဖြင့် အရှုံးခံတာဝန်ယူရမည်ဆိုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတစ်ခုတည်းတွင် ဘတ်ဂျက်အမြောက်အမြားကျခံသုံးစွဲနေရမည်ဖြစ်ပါကြောင်း။

**ဥပမာ မန္တလေးတိုင်းဒေသကြီးတွင် အမေရိကန်နိုင်ငံမှ တည်ဆောက်ရန် စီစဉ်နေသည့် နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံသည် ပထမအဆင့်အနေဖြင့် မဂ္ဂါဝပ် (၁၀၀× ၂=၂၀၀) မဂ္ဂါဝပ်အထိ တည်ဆောက်ရန် ရည်ရွယ်ထားပြီး ၎င်းတို့ရောင်းချမည့် ဓာတ်အားခဈေးနှုန်းသည် ၁၅ ဆင့် (၁၅၀ကျပ်) ခန့်ရမှသာ ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနမှ တစ်ယူနစ် ၃၅ ကျပ်ဖြင့်သာ ပြန်လည်ရောင်းချပါက ဈေးနှုန်းအလွန်ကွာခြားသည့်အတွက် ညှိနှိုင်းရာတွင် အခက်အခဲများ ဖြစ်ရပါကြောင်း၊ ထိုစီမံကိန်းမျိုးကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံရပါက နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်း မရှိခဲ့လျှင်လည်း ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ နွေရာသီကာလများ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အခက်အခဲများ ရှိလာမည်ဖြစ်ပါကြောင်း။**

လက်ရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ကနေဒါ၊ ဩစတြေးလျနှင့် နော်ဝေ စသည့် နိုင်ငံများကလည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းလျက်ရှိပါကြောင်း၊ ယင်းကုမ္ပဏီများအနေဖြင့် ဓာတ်အားရောင်းချရာတွင် တွက်ခြေကိုက်မည့်နှုန်းထားနှင့် ရောင်းချမည်ဖြစ်ပါကြောင်း၊ ဓာတ်အား ရောင်းချမည့်ဈေးနှုန်းအရ တွက်ခြေမကိုက်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ နှောင့်နှေးလျက်ရှိပါကြောင်း၊ ၎င်းတို့ ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် ဓာတ်အားခနှုန်းထားမျိုး ညှိနှိုင်းပေးနိုင်ရန် လိုပါကြောင်း၊ ထပ်မံလာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအနေဖြင့်လည်း လက်ရှိဆွေးနွေးဆဲဖြစ်သည့် ကုမ္ပဏီများကို စောင့်ကြည့်လျက်ရှိနေပါကြောင်း၊ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် Win-Win အခြေအနေညှိနှိုင်းနိုင်ခြင်းမရှိပါက မည်သူမျှ လာရောက်ရင်းနှီးမြှုပ်နှံမည် မဟုတ်ပါကြောင်း၊ ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ပတ်သက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက ဓာတ်အားသုံးစွဲမှုများ သိသိသာသာတိုးတက်လာမှုကို စီမံချက်ချဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားရရှိမှုကွာခြားချက်သည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကကန့်သတ်ချက်ဖြစ်နေကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုကို အဓိကဆွဲဆောင်နိုင်သောအချက်မှာ လျှပ်စစ်ဓာတ်အား ဝယ်ရေးစာချုပ်ဖြစ်ကြောင်း၊ ယင်း PPA အဆုံးသတ်ရန် ကြန့်ကြာနေမှုများသည် ရင်းနှီးမြှုပ်နှံမှုများကို လျော့နည်းလာမည်ဖြစ်၍ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း၊ ဤအခြေအနေသည် အရှေ့ အနောက်နိုင်ငံများ၏ ရေရှည်ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားဖြစ်စေကြောင်း၊ လာမည့်နှစ်နွေရာသီမတိုင်မီ လျှပ်စစ်ဓာတ်အား ယခုထက်ပိုမိုသုံးစွဲနိုင်ရန် ဖြေရှင်းပေးသင့်ပါကြောင်းဖြင့် သံရုံးအချို့က အကြံပြုတင်ပြထားပါကြောင်း။

မိမိတို့လျှပ်စစ်ကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍပိုမိုပါဝင်လာစေရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ လျှပ်စစ်ဥပဒေတွင်လည်း ထည့်သွင်းရေးဆွဲထားပြီး ပြည်ထောင်စုလွှတ်တော်တွင် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍပါဝင်လာရန်အတွက် ဓာတ်အားခနှုန်းထားအပေါ်မူတည်ပြီး ဝင်ရောက်လာမည်ဖြစ်ပါကြောင်း။

**ဓာတ်အားထုတ်လုပ်ရေးတွင် ပုဂ္ဂလိကများပါဝင်လာပြီး အစိုးရက ဓာတ်အားကို အားလုံးစိုက်ထုတ်ဝယ်ယူရမည်ဆိုပါက ၂၀၁၅-၂၀၁၆ ခုနှစ်အချိန်ခန့်တွင် အစိုးရဘတ်ဂျက်တစ်ခုလုံးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတစ်ခုတည်းအတွက်သာ အသုံးပြုရသကဲ့သို့ ဖြစ်နေမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကများ ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်အောင် ဖိတ်ခေါ်သည့်အခါ ဓာတ်အားခဈေးနှုန်း ကွာခြားချက်သည် ဝန်ကြီးဌာနအတွက် ကြီးမားသည့် အခက်အခဲတစ်ရပ်ဖြစ်နေပါကြောင်း။**

၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ကြား ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်သွားရန် လိုပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံတစ်ခု တည်ဆောက်ရန် (၈)နှစ်မှ (၁၀)နှစ်အကြား ကြာမြင့်ပါကြောင်း၊ ယခုရရှိရှာရေအားလျှပ်စစ်စက်ရုံကြီးဆိုလျှင် ယခင်အစိုးရလက်ထက်က တည်ဆောက်ခဲ့သည့်အတွက် မိမိတို့သုံးစွဲနေရခြင်းဖြစ်ပြီး အချိန် (၇)နှစ်ခန့်တည်ဆောက်ခဲ့ရပါကြောင်း၊ ယင်းစီမံကိန်းသည် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း (၃၀၀) ကျော်နှင့် ပြည်တွင်းငွေကျပ် ဘီလီယံပေါင်း (၂၈၈ ဒသမ ၇) ဘီလီယံခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ရပါကြောင်း၊ တစ်ယူနစ် ၂၀ ကျပ်နှင့် ရောင်းချပေးလျက် ရှိပါကြောင်း၊ သို့သော် နိုင်ငံတော်က ချေးယူထားသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း (၁၉၉ ဒသမ ၉၈) အနက် ယခုအထိ အမေရိကန်ဒေါ်လာ သန်း (၂၀ ဒသမ ၇၈) သာပေးဆပ်ပြီးဖြစ်သည့်အတွက် ကျန်ငွေ အမေရိကန်ဒေါ်လာ (၁၇၉ ဒသမ ၁၁) သန်းကို ၂၀၂၄ ခုနှစ်အထိ နိုင်ငံတော်က ဆက်လက်ပေးဆပ်နေရဦးမည်ဖြစ်ပါကြောင်း၊ မြန်မာငွေ (၂၈၈ ဒသမ ၇) ဘီလီယံကိုမူ နိုင်ငံတော်က အရင်းအနှီးပြုပေးထားရခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် တည်ဆောက်မည့် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းမျိုးသည်လည်း ယခင်က မရှိဖူးသေးပါကြောင်း၊ ဓာတ်အားစနစ်၏ ပင်မကျောရိုးအဖြစ် မြစ်ကြီးနားမှ ရန်ကုန်ထိလည်းကောင်း၊ ထိုမှဆက်၍ ပဲခူးမှ မော်လမြိုင်ထိလည်းကောင်း မဖြစ်မနေ တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြဝတီမြို့ကိုဖြတ်ပြီး ASEAN Power Grid နှင့် ချိတ်ဆက်ရန် လိုအပ်ပါကြောင်း၊ ထို ၅၀၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းသည် ဓာတ်အားစနစ်ကို ကောင်းမွန်နိုင်အောင် ဓာတ်အားအသုံးများသော ဒေသများသို့ လျှပ်စစ်ဓာတ်အား အမြောက်အမြား ပို့လွှတ်ပေးနိုင်ရန် ဓာတ်အားပို့လွှတ်သည့်စနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်စသည့် ရည်ရွယ်ချက်များနှင့် ထိုသို့သော ဓာတ်အားလိုင်းမျိုးများကို နိုင်ငံတကာ၌ တည်ဆောက်နေကြပါကြောင်း၊ ထိုင်းနိုင်ငံတွင် ၅၀၀ ကေဗွီ ဓာတ်အားလိုင်း (၂၂၀၆) မိုင် တည်ဆောက်ထားပြီး ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းများ ဆောင်ရွက်ရန် ချေးငွေများလည်း မဖြစ်မနေယူသင့်က ယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့လက်ရှိစတင်ဆောင်ရွက်မည့် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းသည် ၂၀၁၆ ခုနှစ်တွင် စတင်သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

ဓာတ်အားခနှုန်းထားသည် ယခုမှ တက်ခြင်းမဟုတ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်က တစ်ကြိမ်တက်ခဲ့ပါကြောင်း၊ ယင်းအကြိမ်က အိမ်သုံး (၂၅)ကျပ်မှ (၃၅)ကျပ်သို့လည်းကောင်း၊ စက်မှုသုံး (၅၀)ကျပ်မှ (၇၅)ကျပ်သို့လည်းကောင်း တက်ခဲ့ပါကြောင်း၊ ယင်းကာလကတည်းက (၂၅)ကျပ်ကို (၅၀) ကျပ်သို့လည်းကောင်း၊ (၅၀)ကျပ်ကို (၁၀၀)ကျပ်သို့လည်းကောင်း တိုးမြှင့်ရန် ရည်ရွယ်ခဲ့ပါကြောင်း၊ သို့သော် အစိုးရအဖွဲ့အနေဖြင့် ယင်းကဲ့သို့ တစ်ကြိမ်တည်းတွင် ရုတ်တရက်တက်မည့်အစား (၁)နှစ် (၁)ကြိမ် နည်းနည်းချင်းတိုးမြှင့်သွားမည့်စနစ်ကို ကျင့်သုံးစေခဲ့ပါကြောင်း၊ ဤအချက်ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများ သတိပြုမိလိမ့်မည်ဟု ယူဆပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ ဓာတ်အားရောင်းခြင်း၊ ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ပုဂ္ဂလိကကို ပါဝင်ဆောင်ရွက်ခွင့်ပြုနိုင်ရန် လျှပ်စစ်ဥပဒေကြမ်း၌ ထည့်သွင်းဖော်ပြရန် သက်ဆိုင်ရာကော်မတီများထံ ညှိနှိုင်းတင်ပြထားပြီး ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက် အောင်မြင်နေသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

၂၀၁၅ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၃၀၀၀)ခန့်အထိနှင့် ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် မဂ္ဂါဝပ်(၄၀၀၀)ခန့်အထိ သုံးစွဲလာမည်ဖြစ်သည့်အတွက် နောက်ထပ်လျှပ်စစ်ဓာတ်အား (၁၅၀၀)မဂ္ဂါဝပ်ခန့် ထပ်မံဖြည့်ဆည်းပေးရမည် ဖြစ်ပါကြောင်း၊ ယင်းဓာတ်အားပမာဏ ဖြည့်ဆည်းပေးနိုင်ရန် (၅၀၀)မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ (၃)ရုံကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အမီ အဆင့်အလိုက် အချိန်မီပြီးစီးအောင် တည်ဆောက်ရန်လိုအပ်ပြီး အမေရိကန်ဒေါ်လာသန်း(၂၁၀၀)ခန့် လိုအပ်မည်ဖြစ်။



## စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးသည် နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီး

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ကိုင်ဆောင်ရွက်နေမှုများကို အထောက်အကူဖြစ်စေရန်အတွက် စီးပွားရေးဆိုင်ရာ အချက်အလက်များ လေ့လာမှုစစ်တမ်းကို အောင်မြင်စွာ ကောက်ယူနိုင်ရန် ရည်ရွယ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့ ပူးပေါင်းဖွင့်လှစ်သော စီးပွားရေးလုပ်ငန်းများအတွက် ပဏာမစစ်တမ်း (၂၀၁၃) ဆရာဖြစ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် **(အပေါ်ပုံ)** တက်ရောက်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ အမျိုးသားစာရင်းအင်းများကို နိုင်ငံတကာတွင် အသုံးပြုနေသည့် SNA 1993/2008 Format ဖြင့် စုစည်းထားရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် ထုတ်လုပ်မှုနှင့်သုံးစွဲမှုဇယားများ (Supply and Use Table) တည်ဆောက်ရန်အတွက် စာရင်းအင်း အချက်အလက် ကောက်ယူမှုစီမံကိန်းကို အဆင့် (၄) ဆင့်ဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အသေးစားစက်မှုလက်မှု ဦးစီးဌာနများမှာ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်ချက်များ၊ ရငွေနှင့် အသုံးစရိတ်များ၊ လုပ်သားအင်အားများကို စာရင်းကောက်ယူရမည် ဖြစ်ကြောင်း။

ဆက်လက်၍ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းကြီးများ၊ သေးငယ်သော စီးပွားရေးလုပ်ငန်းများ IHLCA နမူနာပါ အိမ်ထောင်စုများ၏ မှတ်ပုံတင်မထားသည့် (Informal Sector) စီးပွားရေး လုပ်ငန်းများကိုလည်း နမူနာရွေးချယ်ပြီး စစ်တမ်းကောက်ယူရမည်ဖြစ်ကြောင်း၊ ထို့နောက် အစိုးရဌာနများ၏ ရငွေနှင့် အသုံးစရိတ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို အသေးစိတ်မေးခွန်းလွှာများ အသုံးပြုပြီးစစ်တမ်းစနစ်မဟုတ်သည့် စာရင်းကောက်ယူခြင်းကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စာရင်းဇယားများ၊ ကိန်းဂဏန်းများ တိကျမှန်ကန်ရေးသည် နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အရေးကြီးသဖြင့် စာရင်းကောက်သူများက စိတ်ကောင်းစေတနာ အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယခုသင်တန်းသည် စီးပွားရေးလုပ်ငန်းများအတွက် ပဏာမစစ်တမ်း စာရင်းကောက်ယူရေး ဆရာဖြစ်သင်တန်းဖြစ်၍ သင်တန်းသား၊ သင်တန်းသူစစ်တမ်းကြီးကြပ်ရေးမှူးများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ခရိုင်မြို့နယ်များတွင် စာရင်းကောက်မည့်သူများကို ဆင့်ပွားသင်တန်း ပြန်လည်ပို့ချရမည် ဖြစ်ကြောင်း၊ ဆင့်ပွားသင်တန်းနှင့် စစ်တမ်းကြီးကြပ်ရာတွင် ထိရောက်စေရန်နှင့် ရှေ့ဆက်ကောက်ယူမည့်စစ်တမ်းများအတွက် လိုအပ်သည့်အခြေခံအချက်အလက်များ၊ မှန်ကန်သည့်ကိန်းဂဏန်းများရရှိရန်ကြိုးစားမှတ်သားလေ့လာကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (မြန်မာ) မှ အကြီးတန်း စီးပွားရေးပညာရှင် Mr. Dineal Kostzer က ယခုသင်တန်းသည် စီးပွားရေးစစ်တမ်း လုပ်ငန်းပမာဏကြီးမားသည့်အတွက် အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ကြောင်းနှင့် စစ်တမ်းကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

အဆိုပါသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်စီမံကိန်းဦးစီးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၆ ဦး တက်ရောက်ပြီး သင်တန်းကာလ သုံးရက်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Innovative Justice Training သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၂

**ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP၊ International Development Law Organization (IDLO) တို့ ပူးပေါင်းဖွင့်လှစ်သည့် Innovative Justice Training သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကား ပြောကြားရာ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် UNDP နှင့် IDLO အဖွဲ့အစည်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ပထမဆုံးသော တရားစွဲနှင့်အမှုလိုက် Prosecution Training တစ်ခုဖြစ်ကြောင်း၊ ရှေ့နေချုပ်ရုံး ခေတ်အဆက်ဆက်ပေါ်ပေါက်လာပြီးနောက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအဖြစ် တည်ရှိလာကြောင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်လာပြီး အမှုလိုက်ပါရာတွင် ပြစ်မှုပိုင်းတွင် နိုင်ငံတော်အစိုးရဘက်မှ လိုက်ပါဆောင်ရွက်ရသကဲ့သို့ တရားမပိုင်း၌လည်း နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ရကြောင်း။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးအား တရားစွဲနှင့်အမှုလိုက်တာဝန်များပေးထားကြောင်း၊ တရားစွဲနှင့်အမှုလိုက်ပညာ၌ နိုင်ငံတကာအဆင့်မီစေရန် နိုင်ငံတကာအဆင့်မြင့်ပုဂ္ဂိုလ်များက တရားစွဲနှင့်အမှုလိုက် ဗျူဟာအသစ်များ၊ အမှုလိုက်အတတ်ပညာ အသစ်များကို ဤသင်တန်း၌ ပို့ချပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ ဥပဒေအရာရှိများစွာရှိ၍ ဥပဒေအရာရှိတိုင်းအား သင်တန်းများပေးရန် မလွယ်ကူသဖြင့် ယခုကဲ့သို့ Training သင်တန်းကို ပေးရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသာမက ပြည်နယ်၊ တိုင်းဒေသကြီး ၁၄ ခုတို့မှ ဥပဒေအရာရှိများကိုပါ သင်တန်းဆရာ သင်တန်းဖြစ်၍ စုံလင်စွာတက်ရောက်စေခြင်း အားဖြင့် ခေတ်သစ်တရားစွဲနှင့် အမှုလိုက်ပညာရပ်များကို ဆင့်ပွားသင်တန်းပို့ချရန်သင်ကြားပေးရန် ရည်ရွယ်ကြောင်း။

ပထမအဆင့်၌ ပဏာမအဆင့်ပေး၊ ဒုတိယအဆင့်၌ ဥပဒေအရာရှိငယ်နှင့် အလယ်အလတ်အဆင့် သင်တန်းပေးခြင်းဖြစ်ကြောင်း၊ နောက်ဆုံးအဆင့်၌ အဆင့်မြင့် ဥပဒေအရာရှိများအား ထည့်သွင်း၍ Training ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ဥပဒေအရာရှိများအနေဖြင့် အရေးအတွက်ထက် အရည်အချင်းကို အဓိကထား၍ သင်တန်းသုံးဆင့်စလုံး ဥပဒေအရာရှိများသည် ဥပဒေနှင့်ပတ်သက်သော ဥပဒေဉာဏ်ပညာကြွယ်ဝခြင်း၊ အမှုလိုက် အရည်အချင်းပြည့်စုံခြင်းနှင့် ခေတ်သစ်အမှုလိုက်ပညာဆင့်ပွား သင်တန်းပေးရန် လုပ်ရည်ကိုင်ရည်ရှိခြင်း အင်္ဂါရပ်များ ပြည့်စုံရမည်ဖြစ်ကြောင်း၊ သင်တန်း၌ ဘက်စုံ အရည်အသွေး မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် နိုင်ငံတကာကမ္ဘာ့အဆင့်မြင့်ပုဂ္ဂိုလ်များက လာရောက်သင်တန်းပေးသဖြင့် ထူးခြားသော သင်တန်းတစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ UNDP မှ Senior Advisor Mr.Larry Tarman က ဤသင်တန်းဖွင့်လှစ်ခြင်းမှာ မြန်မာ့အမှုလိုက် ဥပဒေပညာမြင့်မားရေးကို ရည်ရွယ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေအရာရှိများ အဆင့်မြင့်မားရေး၊ ကမ္ဘာ့အဆင့် အမှုလိုက် ပညာတတ်မြောက်ရေးနှင့် ဥပဒေပညာ ဘက်စုံတိုးတက်ရေးတို့အတွက် ကြိုးပမ်းလျက်ရှိရာ လွန်စွာအားရမိပြီး အောင်မြင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ IDLO မှ Project Manager Mr.Alex Batesmith က သင်တန်းပို့ချနည်း အဆင့်ဆင့်သော အစီအစဉ်များကို အသေးစိတ်ရှင်းပြပြီး ၎င်းတို့ IDLO အဖွဲ့သည် ၁၉၃၃ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သော ကမ္ဘာ့ဥပဒေအဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ဥပဒေရေးရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ UNDP နှင့် IDLO အဖွဲ့အစည်းအသီးသီးမှ ဥပဒေပညာရှင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသားသင်တန်းသူများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းများကို ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# ရမည်းသင်းမြို့ စုပေါင်းမဟာဘုံကထိန်ပွဲ စည်ကားစွာကျင်းပ



**ရမည်းသင်း နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၆ ရက် မှ ၁၁ ရက်ထိ ကျင်းပရာ ယင်းနေ့ ညနေ ၃ နာရီတွင် မြို့ပေါ်ငါးရပ်ကွက်မှ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအသင်းအဖွဲ့များ စုပေါင်း၍ ပဒေသာပင်များကို အတီးအမှုတ်အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်ပို့ဆောင်ကြသည်။ ဌာနဆိုင်ရာများ၊ အထက (၁)၊ မြို့မအထက၊ ပညာရေးဌာနမိသားစုများမှ စည်းလုံးညီညွတ်စွာဖြင့် ကထိန်လှည့်လည်ကြရာ စည်ကားသိုက်မြိုက်စွာ ကထိန်ပွဲ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**(တင်ဦး-ရမည်းသင်း)**

# မုံရွာမြို့ ရွှေစည်းခုံစေတီတော်တွင် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရက်ကန်းရက်ပြိုင်ပွဲကျင်းပမည်

**မုံရွာ နိုဝင်ဘာ ၁၂**

မြန်မာ့ရိုးရာယဉ်ကျေးမှုကို မျိုးဆက်သစ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ မုံရွာမြို့ ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၄)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် [နိုဝင်ဘာ ၁၆ ရက် (စနေနေ့)]တွင် ရက်ကန်းစင်တော်ငါးစင်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်ရာ ယခင်နှစ်များကထက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲအဖွဲ့ ပိုများလာကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်အောင်ထံမှ သိရသည်။

(၁၄)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲတွင် သင်္ကန်းရက်လုပ်ပြိုင်ပွဲအသင်းအဖွဲ့ ၁၄ ဖွဲ့ရှိရာ ချင်းတွင်းမြစ်အနောက်ဘက် တုံ-ထန်းတောကြီးကျေးရွာမှ ရက်ကန်းအဖွဲ့ နှစ်ဖွဲ့၊ ခိုးသန်းကျေးရွာမှ တစ်ဖွဲ့၊ ဒါန်းပင်တဲကျေးရွာမှ ၁၀ ဖွဲ့တို့သည် နိုဝင်ဘာ ၁၀ ရက် [တန်ဆောင်မုန်းလဆန်း ၈ ရက် (တနင်္ဂနွေ)]က ရွှေစည်းခုံစေတီတော် ဓမ္မစကြာဓမ္မာရုံ၌ မဲနှိုက်ရွေးချယ်ခဲ့ကြသည်။ ထိုသို့ မဲနှိုက်ရာတွင် အဖွဲ့(၁၄)ဖွဲ့အနက်မှ တုံ-ထန်းတောကြီးရွာမှ ဒေါ်မြင့်ကြည်အဖွဲ့က မဏိစန္ဒာစင်တော်၊ ခိုးသန်းကျေးရွာ ဒေါ်ခင်ခင်ဦးအဖွဲ့က သူရိယဝစ္စသာစင်တော်၊ ဒါန်းပင်တဲကျေးရွာမှ ဒေါ်စန်းမြင့်ဝင်းအဖွဲ့က ဓာတုကလျာစင်တော်၊ ဒေါ်စန်းချိုအဖွဲ့က ဒေဝစ္စရာစင်တော်နှင့် ဒေါ်အေးအေးအဖွဲ့က ဝဏ္ဏပဘာစင်တော် စသည့် ငါးခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ကြကြောင်း သိရသည်။

(၁၄)ကြိမ်မြောက်မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၁၆ ရက်) ညနေပိုင်းတွင် ဖွင့်ပွဲအဖြစ် ရွှေစည်းခုံစေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါဖွင့်ပွဲတွင် လွှတ်တင်မည့် မိုးပျံပူဖောင်းတွင် ဖွင့်ပွဲအလံရရှိသူကို ဂေါပကအဖွဲ့က ငွေကျပ်သုံးသောင်းချီးမြှင့်မည်ဖြစ်သည်။ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲဝင်၍ရရှိလာသော ပထမဆုရအဖွဲ့ကို ဂေါပကအဖွဲ့က ကျပ်တစ်သိန်းခွဲနှင့် ဆုဖလား၊ ဒုတိယဆု ကျပ်တစ်သိန်းနှင့်ဆုဖလား၊ တတိယဆုအဖြစ် ကျပ်ရှစ်သောင်းနှင့်ဆုဖလား၊ နှစ်သိမ့်ဆုနှစ်ဆုအဖြစ် ကျပ် ခုနစ်သောင်းနှင့် ဆုဖလားကို ချီးမြှင့်မည့်အပြင် နှစ်စဉ်ကဲ့သို့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကလည်းကောင်း၊ လုပ်ငန်းရှင်များ၊ စေတနာရှင်များကလည်းကောင်း ထပ်ဆောင်း၍ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါပွဲနှင့်အတူ နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(မျိုးဝင်းထွန်း-မုံရွာ)**

# ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၁၂**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် သူကြီးစု(၁)ရပ်ကွက်ရှိ သာသနာ့အာဇာနည် ဆွမ်းလောင်းမဏ္ဍပ်ရုံ၏ တတိယအကြိမ် ကုသိုလ်ပြုနိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၁၁ ရက်ညနေ ၄ နာရီက ဓမ္မာရုံအနီးရှိ ဆည်ဘောင်ရိုးလမ်းမ၌ ကျင်းပသည်။

ကုသိုလ်ပြုနိဗ္ဗာန်ဈေးပွဲတော်တွင် ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ လက်ဖက်ရည်၊ သစ်သီးစုံ၊ အချိုရည်မျိုးစုံတို့ကို ကုသိုလ်ရှင် ၅၀ တို့က ဆိုင်ခန်းတစ်ခန်းစီဖွင့်လှစ်၍ ကုသိုလ်ပြုခြင်းဖြစ်ပြီး ပျဉ်းမနားမြို့ပေါ်ရှိ ဒေသခံများ ဝမ်းမြောက်စွာလာရောက်ဆင်နွှဲကြ၍ စည်ကားခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့အနေနဲ့ ၁၃၇၄ ခုနှစ် ဝါပဆွမ်းလောင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခုနစ်ရက်သားသမီးများ စိတ်ကြည်နူးဖွယ်ဝမ်းမြောက်စေရန် အလှူရှင်တွေဖိတ်ခေါ်ပြီး ဒါနပြုခြင်းဖြစ်ပါတယ်။ ဒီနှစ်ဟာ တတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး နောင်နှစ်တွေမှာလည်း နှစ်စဉ်နှစ်တိုင်း ကျင်းပသွားမှာဖြစ်ပါတယ်" ဟု သာသနာ့အာဇာနည် ဆွမ်းလောင်းမဏ္ဍပ်ရုံနှင့် နိဗ္ဗာန်ဈေးပွဲတော်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်က ရှင်းပြသည်။ **(သူဇာလှိုင်-စက်မှု)**

**ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၊ တောင်ငူလမ်းနှင့် ဆေးရုံအဝင်လမ်းအနီး လမ်း(၃၀)ထိပ်နှင့် တောင်ငူလမ်းတွင် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြို့တွင်းခရီးသည်မတင်ရယာဉ်စည်းကမ်းချိုးဖောက်၍ မထီမဲ့မြင်ပြုကာ ယာဉ်ကြီးနှင့်ယာဉ်ငယ်နှစ်စီးရပ်ပြီး ခရီးသည် အလုအယက်တင်နေသည်ကို တွေ့ရစဉ်။**

(သုတ-ပဲခူး)



# သတိပေးကြေညာခြင်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot)များအဖြစ်အသုံးပြုရန်အတွက် ဒီဇိုင်းရေးဆွဲပြိုင်ပွဲအား ၂၀၁၁ ခုနှစ်၊ ဇူလိုင် (၇)ရက်မှ စက်တင်ဘာ (၇)ရက်အတွင်း ကျင်းပပြုလုပ်ခဲ့ပြီး ရွေးချယ်ခြင်းခံရသည့် အောက်ဖော်ပြပါ အထိမ်းအမှတ်တံဆိပ်(Logo) နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot)များအားရေးဆွဲသူ (Designer) များကိုလည်း သတ်မှတ်ဆုကြေးများကို အားကစားဝန်ကြီးဌာနမှ ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ပါသည် -






အထက်ဖော်ပြပါ အမှတ်တံဆိပ်များဖြစ်သည့် (Logo)နှင့် (Mascot)များကို အားကစားဝန်ကြီးဌာန၊ Sports Marketing Committee ၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တခြားမည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲခွင့်၊ ရုပ်သံလွှင့်ခွင့်၊ ဈေးကွက်အရောင်းမြှင့်တင်ခြင်း (Marketing & Promotion)များတွင် ထည့်သွင်းသုံးစွဲခွင့်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကြော်ငြာ Bill Board များတွင် ထည့်သွင်းလျက် မိမိတို့၏လုပ်ငန်း(သို့မဟုတ်)ကုန်ပစ္စည်းများကို ကြော်ငြာခွင့်များ ပြုလုပ်ခွင့်မရှိကြောင်း ကြေညာထားရှိပြီးဖြစ်ပါသည်။

**အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးသော ကုမ္ပဏီများအနေဖြင့်လည်း SEA Games လှုံ့ဆော်ရေးပိုစတာ(Billboard)များအလိုက် စိုက်ထူချိတ်ဆွဲသည့် အရွယ်အစား၏ (၄)ပုံ(၃)ပုံအား Logo, Mascot ပုံများပါဝင်သည့် အားကစားလှုံ့ဆော်ရေးဒီဇိုင်းပုံများကိုသာ ထည့်သွင်းဖော်ပြကြရန်ဖြစ်ပြီး ကျန်(၄)ပုံ(၁)ပုံကိုသာ ကုမ္ပဏီ၏အမှတ်တံဆိပ်များအား ထည့်သွင်းဖော်ပြကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။**

**အားကစားဝန်ကြီးဌာန**





















# မြန်မာ့လက်ရွေးစင် အမျိုးသား ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၂**

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ Santiburi Golf Club ၌ကျင်းပမည့် 26th Asia Pacific Amateur Golf Team Championship 2013 NOMURA CUP ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် နိုဝင်ဘာ ၁၁ ရက်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် အောင်မြင်မှုရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာဂေါက်သီးရိုက်ပြိုင်ပွဲအတွေ့အကြုံရရှိရေးကို ရည်ရွယ်လျက် ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ် ပေါ်တူဂီနှင့် ကစားမည့်ပွဲစဉ်တွင် ပါဝင်လာမည်



ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်အတွက် မသေချာမရေရာအခြေအနေတွင် ရှိနေသေးသည့် ဆွီဒင်အသင်းသည် နိုဝင်ဘာ ၁၅ ရက်တွင် ကစားမည့် ပေါ်တူဂီအသင်းနှင့် Play Off ပွဲစဉ်တွင် အနိုင်ကစားကာ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် စွမ်းဆောင်သွားမည်ဖြစ်ရာ ယင်းပွဲစဉ်တွင် ဆွီဒင်၏ ဘောလုံးဘုရင်ဟု တင်စားခံထားရသည့် ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ပါဝင်လာမည် ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ၂၀၁၃ ခုနှစ် ဖီဖာ Ballon d'Or ဆုအတွက်လည်း အမည်စာရင်းတင်သွင်းခံထားရသည့် တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ပီအက်စ်ဂျီအသင်းအတွက် လက်ရှိတွင် သွင်းဂိုး ၄၉ ဂိုးအထိ သွင်းယူပေးထားခဲ့ပြီးဖြစ်သည်။

# တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်မက်ဆီ နှစ်လကြာ အနားယူရမည်

**ငွေကြယ်**

ရီးယဲလ်ဘက်တစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်(၁၃)တွင် ဘာစီလိုနာအသင်း၏ အားထားရသော အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ပွဲကစားချိန် ၂၁ မိနစ်တွင် ရရှိခဲ့သောတံကောက်ကြောဒဏ်ရာကြောင့် နှစ်လကြာ အနားယူရမည်ဖြစ်ကြောင်းသိရသည်။ ဘတ်တစ်နှင့် ဘာစီလိုနာတို့၏ ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာကြောင့် တိုက်စစ်မှူးမက်ဆီ လူစားလဲခံခဲ့ရသော်လည်း နေမာ၊ ဖာဘရီဂတ်နှင့် ပက်ဒရိုရိုဒရီဂတ်ဇ်တို့၏ သွင်းဂိုးများဖြင့် ဘတ်တစ်အား ဘာစီလိုနာအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဘာစီလိုနာအသင်းက ဘတ်တစ်အား



အနိုင်ရရှိခဲ့ပြီးနောက် တိုက်စစ်မှူး မက်ဆီသည် တံကောက်ကြောဒဏ်ရာ ရရှိခဲ့၍ အနားယူရမည့်ကာလမှာ ရက်သတ္တခြောက်ပတ်နှင့် ရှစ်ပတ်အကြားတွင်ရှိကြောင်း ဘာစီလိုနာအသင်းက ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းဒဏ်ရာကြောင့် ဘာစီလိုနာအသင်းယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်များ ဖြစ်သည့် နိုဝင်ဘာ ၂၃ ရက်တွင် ကစားမည့် ဂရန်နာဒါနှင့်ပွဲစဉ်၊ ၂၆ ရက်တွင် ကစားမည့် အိုင်းယက်စ်နှင့်ပွဲစဉ်၊ ဒီဇင်ဘာ ၁ ရက်တွင်ကစားမည့် ဘီဘာအိုနှင့်ပွဲစဉ်၊ ဒီဇင်ဘာ ၁၁ ရက်တွင် ကစားမည့် ဆဲလ်တစ်နှင့်ပွဲစဉ်၊ ဒီဇင်ဘာ ၁၄ ရက်တွင်ကစားမည့် ဗီလာရီးယဲလ်နှင့်ပွဲစဉ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် ကစားမည့် ဂီတာဖေးနှင့်ပွဲစဉ် စသည့် ပွဲစဉ်များနှင့် လွဲချော်မည်ဖြစ်သည်။


## (၃၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

နိုဝင်ဘာလ ၁၃ ရက်(ဗုဒ္ဓဟူး)နေ့တွင် ကျရောက်သော ဖေဖေ ဦးအောင်မြင့် (အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် မေမေ ဒေါ်ချိုချို(ခ)ဒေါ်ထားထားမြင့်တို့၏ (၃၂)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်မှသည် နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီးများနှင့် အတူ ကျန်းမာပျော်ရွှင်သောဘဝကို ထာဝစဉ်ပိုင်ဆိုင်နိုင်ပါစေကြောင်း။

ဆုမွန်ကောင်းတောင်းလျက်-
ချစ်သမီး-အေးပြည့်စုံ-သက်နိုင်စိုး
ချစ်သား-ပိုပြည့်စုံ

Ah-Con Express
09420046835, 09-73121647, 09-421745791

## မူးယစ်ကင်းစင် အလှဆင်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၄)၊ မြေကွက်အမှတ် ၈၄၀/ခ၊ မြေကွက်တည်နေရာ အမှတ်(၈၄၀/ ခ)၊စာဂ(၁၆)လမ်း၊(၄)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဒေါ်တင်လှိုင်၊ ဦးကံဦး)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအားအမည်ပေါက်ဦးကံဦးနှင့်ဇနီး ဒေါ်တင်ကြည်ကွယ်လွန်သဖြင့် ဦးတင်မောင် ဦး[၁၂/ဥကတ(နိုင်)၀၄၃၂၉၉]၊ ဒေါ်ဌေးဌေးရီ[၁၂/ဥကတ(နိုင်)၀၄၃၂၉၆]၊ ဦးခင်မောင်ဦး [၁၂/ဥကတ(နိုင်)၀၄၃၃၀၂]၊ ဒေါ်ရီရီမြင့်[၁၂/ဥကတ(နိုင်)၀၄၃၂၀၄]၊ ဦးအောင်ဇော်ဦး [၁၂/ဥကတ(နိုင်)၀၄၃၃၀၃]တို့က သား၊ သမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူဒေါ်တင်လှိုင် (CE-၀၆၄၉၀၅) နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ကိုယ်စားလှယ်လွှဲစာ အမှတ်- ၁၅၂၄၁(၂၆-၈-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးကယ်ဗင်ဘေးလစ်[၁၂/ ဗတထ(နိုင်)၀၃၀၇၁၈]မှ ပါဝါပေးသူ သက်ရှိ ထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၄၉၆(၆-၉-၂၀၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထား လာရာ(၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကောင်းသန့်သက်နိုး @ ဖိုးသား သို့
မွေးနေ့ဆုမွန်

ဖေဖေ မေမေ တို့၏ အချစ်ဆုံး တစ်ဦးတည်းသော သားလေး ကောင်းသန့်သက်နိုး@ဖိုးသား ၏(၁၃.၁၁.၂၀၁၃)ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ၍ အောင်မြင်သော ပြီးပြည့်စုံသော ဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေ......

ချစ်ဖေဖေ + ချစ်မေမေ

Happy Birthday "ဖိုးသား" Guardians

ချစ်သော ညီ/မောင်လေး "ဖိုးသား" ၏ (၁၃.၁၁.၂၀၁၃) ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင် မွေးနေ့ ပေါင်းများစွာတိုင် စိတ်ချမ်းသာ ၊ ကိုယ်ကျန်းမာစွာဖြင့် ဖိုးသား ချစ်သော အနုပညာလုပ်ငန်းများကို ပိုမို အောင်မြင်စွာ လုပ်ကိုင်နိုင်ပြီး ဆန္ဒ နှင့် ဘဝ တစ်ထပ်တည်း ကျနိုင်ပါစေ ......

ကိုကြီး+မနု၊ ကိုအောင်သက်ဦး+စိုးစိုး
ငြိမ်းငြိမ်း+ညှည်မွန်မွေးမွေး
ကြိုကြို ၊ ထဲထဲ ၊ တုတု ၊ သူသူ

## မန္တလေးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဆီရည်များသိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

အမှတ်(၁၇) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မန္တလေးမြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီခွဲက သတင်းအရသက်သေများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်း အနောက်ရပ်ကွက် (၃၄×၃၅)လမ်းကြား၊ (၈၅×၈၆)လမ်းကြားနေ မောင်မောင်လွင်(ခ)ပိုင်ပိုင် (၄၈)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်း ခုတင်ဘေး ဗီရိုအတွင်းရှိ Samsung Note-2 Handset ဘူးခွံ အတွင်းမှ 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ (တန်ဖိုးငွေကျပ် ၄၉ သိန်း)၊ ဓာတ်ဘူးအတွင်းမှ ဘိန်းဆီရည် ၆၀ မီလီလီတာ



(တန်ဖိုးငွေကျပ် ၃၄၂၀၀)၊ ခပ်ခူး သုညဒသမ ၁၆ ဂရမ် (တန်ဖိုးငွေကျပ် သုံးသိန်း)နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးအမှတ်(၆) နယ်မြေရဲစခန်းက မယ(ပ)၈/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေနံတင်စဉ် မီးလောင်၍ လူတစ်ဦး သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဒဟတ်ပင် ရေနံမြေ MOGE ရုံး၏ မြောက်ဘက် ဒဟတ်ပင် ကျေးရွာနေ ဦးမြင့်သိန်း၏ယာခင်းအတွင်း၌ နိုဝင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ချောက်မြို့နယ် ဝွေးချို ကျေးရွာနေ နေဇော်(၄၅)နှစ်၏ရေနံတွင်းမှ ရေနံတွင်း လုပ်သား အငယ်လေး(ခ)ဘိုဟန်ချို (၁၉)နှစ် ချောက်မြို့နေသူ ခပ်ထည့်နေသည့် ရေနံသိုလှောင်ကန် အတွင်းရှိ ရေနံစိမ်းများအား နိုင်လင်းချို (၁၈)နှစ် ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ်နေသူက မော်တာပန့် မောင်း၍ ၉၄/--- ဖောကားပေါ်သို့တင်နေစဉ် ရေနံစိမ်းများ မော်တာပန့်ပေါ်သို့ကျပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အနီးရှိ ရေနံတွင်းသုံးတွင်းမှ ကလပ်ခုံသုံးခု(တန်ဖိုးငွေကျပ် ၁၅ သိန်းခန့်)နှင့် ရေနံစိမ်း ပီပါအလုံး ၂၀(တန်ဖိုးငွေကျပ် ၁၀ သိန်းခန့်) ဆုံးရှုံးခဲ့ပြီး နိုင်လင်းချို၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် မီးလောင်ဒဏ်ရာများနှင့် အနီးရှိ ကျော်ကြီး(၃၅)နှစ် မင်းလှမြို့နေသူတွင် ဝဲ၊ ယာခြေနှစ်ဖက်၊ ဝဲ၊ ယာလက်နှစ်ဖက်နှင့် ကျောပြင်တို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် မင်းလှဆေးရုံသို့ ပို့ဆောင်ကုသစဉ် နိုင်လင်းချိုမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် နိုင်လင်းချိုနှင့်အငယ်လေး (ခ) ဘိုဟန်ချိုတို့နှစ်ဦးအား မင်းလှမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

## ကျောင်းသားတစ်ဦး ရေဆင်းကူးရာမှ ရေနစ်ပျောက်ဆုံး

**ရန်ကုန် နိုဝင်ဘာ ၁၂**

ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းတွင် နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက ပဉ္စမတန်းကျောင်းသားတစ်ဦး ရေဆင်းကူးရာမှ ရေနစ်ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် ညနေ ၄ နာရီက စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက်နေ ပဉ္စမတန်းကျောင်းသား မောင်ကျော်ကျော်နိုင် (ဘ) ဦးသန်းဇော်သည် ကျောင်းဆင်းချိန် နေအိမ်သို့မပြန်ဘဲ ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်ကမ်းတွင် ရေဆင်းကူးရာမှ ရေနစ်ပျောက်ဆုံးသွားခဲ့ကြောင်း သိရသဖြင့် မောင်ကျော်ကျော်နိုင်အား ကြည့်မြင်တိုင်မြို့မရဲစခန်းနှင့် ဆိပ်ကမ်းမြို့မရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များသည် သမ္ဗန်မောင်းသူများနှင့်အတူ မြစ်ကြောင်းတစ်လျှောက် ရှာဖွေလျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

## ယာဉ်တိုက်မှုဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်သောကားနှင့် ယာဉ်မောင်းဖမ်းဆီးရမိ

**မြင်းမူ နိုဝင်ဘာ ၁၂**

မြင်းမူမြို့ အောင်ဇေယျရပ်ကွက် ရှင်းသန့်စားသောက်ဆိုင်အနီး မုံရွာ-မြင်းမူ-မန္တလေးကားလမ်းတွင် နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီခွဲခန့်တွင် မန္တလေးမှ မုံရွာသို့ ကိုဇော်ခိုင်မောင်းနှင်သည့် ၂၈/---တိုယိုတာခရောင်း အဖြူရောင်ဆလွန်းကားနှင့် လမ်းတစ်ဖက်မှ ဖြတ်တက်လာသော မောင်မင်းမင်းထက် စီးနင်းလာသည့် SUNBO STAR 125 အနက်ရောင်ဆိုင်ကယ်ကို နောက်မှဝင်တိုက်မိပြီး အဆိုပါယာဉ်သည် အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် မြင်းမူမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ထွန်းသိန်း၊ တပ်ကြပ်ကြီးမောင်မောင်သန်း၊ တပ်ကြပ်ကြီးမင်းဇော်ဦး၊ ယာဉ်ထိန်း ဒု-တပ်ကြပ် အောင်ကျော်လတ်တို့ လိုက်လံဖမ်းဆီးရာ မြင်းမူမြို့နယ် ပဲကူကျေးရွာအနီးတွင် ဖမ်းဆီးရမိခဲ့သည်။

မောင်မင်းမင်းထက်တွင် ဒဏ်ရာများရရှိ၍ မြင်းမူပြည်သူ့ဆေးရုံမှ တစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုဇော်ခိုင်(၄၁)နှစ် ထနောင်းဝန်းရွာ မုံရွာမြို့နယ်နေသူအား မြင်းမူရဲစခန်းက ယာဉ်(ပ) ၃၇/၂၀၁၃၊ ပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၆၂၄)

## ဈေးပွဲတော်အတွင်းမှ တရားမဝင်ခိုးကူးခွေများ သိမ်းဆည်းရမိ

**ရေတာရှည် နိုဝင်ဘာ ၁၂**

ရေတာရှည်မြို့ ကရင်ချောင်းလမ်း၌ ကျင်းပလျက်ရှိသော ဈေးပွဲတော်အတွင်း တရားမဝင် ခိုးကူးခွေများကို နိုဝင်ဘာ ၁၀ ရက် ည ၈ နာရီခန့်တွင် ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရေတာရှည်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ငွေးလွင် ဦးစီး ရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့၊ အသိသက်သေများနှင့်အတူ ယင်းနေ့ညပိုင်းက ဈေးပွဲတော်အတွင်း တရားမဝင်ခိုးကူးခွေများရောင်းချနေကြောင်း သတင်းအရ ဓာတ်တော်ဘုရားဝင်း အတွင်းရှိ မရိရိသန့် (၃၇)နှစ် အောင်မြေသာစံမြို့နယ် မန္တလေးမြို့နေသူ၏ ဈေးဆိုင်ကို ဝင်ရောက်ရှာဖွေရာ နိုင်ငံခြားဇာတ်လမ်းအခွေ ၈၅၀၊ မြန်မာသီချင်း ကော်ပီခွေမျိုးစုံ ၁၄၀၀၊ PCL တံဆိပ်ပါ LED TV တစ်လုံး၊ COECO အမှတ်တံဆိပ်ပါ DVD ဖွင့်စက် တစ်လုံး၊ ငွေကျပ် ၂၅၆၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ရေတာရှည်မြို့မရဲစခန်းက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၅၇၈)





### ပုလဲရတုမင်္ဂလာတောင်းဆုမွန်

ချစ်သော မေကြီးနှင့် ဖေကြီးတို့၏ ပုလဲရတု မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီးတို့နှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဘဝကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းလျက်-

နေမျိုးထိုက်-ခိုင်ဆုဝေ





### မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

တောင်ငူမြို့နေ
ဦးမျိုးမြင့်-ဒေါ်ခင်ဝင်းတို့၏သားထွေး

**မောင်ဟိန်းစည်သူမျိုး**
**Project Engineer [Cummins Power Generation (S) Pre.Ltd Singapore]**
**M.Sc(Mechatronics) National University of Singapore**
**M.E (Electronics) B.E(Electronics)**

နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီး သိန်းဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူ(ကျော်ကြားစိန်ရတနာ)တို့၏သမီးဦး

**မယဉ်မွန်မွန်သိန်း(ခ)မယဉ်လင်းခိုင်**
**B.B.A(Yangon Institute of Economics)**
**D.A(LCCI, UK),D.G.I (Yangon University)**

တို့၏ ၁၀-၁၁-၂၀၁၃ ရက် Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ မင်္ဂလာအောင်လက်စွပ်များ ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မြဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်သန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၏ဇနီး ဒေါ်ဝေဝေခိုင်၊ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်ကြူ၏ဇနီး၊ ဒေါ်မာမာလူ၊ အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်နှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ညွန့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့်ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်နှင့်ဇနီး၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့်ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြည်သူ့လွှတ်တော်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့်ဇနီး၊ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်း နှင့်ဖွံ့ဖြိုးမှုရေးရာ ကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့်ဇနီး၊ နေပြည်တော် ကောင်စီဝင် ဦးသန်းငွေနှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော မခရေဖူး၊ မင်္ဂလာအောင်စံပယ် ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော မအိရွှေဇင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မသင်းရန့်လှိုင်၊ သတို့သားအရံ မောင်သော်ဦးသော်နှင့် မောင်နေဝင်းထွန်း၊ သတို့သမီးအရံ မသဇင်ထင်ကျော်နှင့် မခင်သန္တာ၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် နိုင်ငံကျော် တေးသံရှင်များ၊ Videoနှင့်ဓာတ်ပုံများ ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့သားများ၊ Pre Wedding Photo ရိုက်ကူးပေးပါသော Forever Photo Studio၊ မိတ်ကပ်နှင့်ဆံပင် လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဦးကျော်စိုး(Eternity) Y.M.C.A၊ ပန်းအလှပြင် မစန်းစန်းဦး၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော Treasure Point Jewellery နှင့် မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဟိန်းစည်သူမျိုး-မယဉ်မွန်မွန်သိန်း(ခ)မယဉ်လင်းခိုင်

ပြည်တွင်းရေးရာ

# ရက်ပေါင်း ၇၃၀

၂၀၁၁ ခုနှစ် ဧပြီလမှစ၍ ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကို စတင်ပြောင်းလဲပုံဖော်ခဲ့သော အစိုးရသစ်သည် ဒီမိုကရေစီစနစ်တိုးတက်ဖွံ့ဖြိုးလာစေရန် ဖော်ဆောင်ရာ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင်ကျင့်သုံးနေသော“ဒီမိုကရေစီစနစ်”များကို ပုံတူကူးချမှုမျိုးမဟုတ်ဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဆီလျော်လိုက်ဖက်မည့်စနစ်ဖြင့်ကျင့်သုံးခဲ့သည်ကိုတွေ့ရှိရပါသည်။ ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးလေ့ရှိသော ဗဟိုအစိုးရ၏ချုပ်ကိုင်မှုများအား ဖြေလျှော့ပေးခြင်း၊ ပြည်သူဗဟိုပြုစနစ်ပီပြင်လာအောင် ရေတို/ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ကို ဆောင်ရွက်ခြင်းနှင့်ပုဂ္ဂလိကကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကူညီလှုံ့ဆော်ပေးနေခြင်းများသည် ဒီမိုကရေစီစနစ်၏ကောင်းမွန်သော အားသာချက်များဖြစ်ပါသည်။

ပြည်သူလူထု ကျွမ်းဝင်မှုမရှိခဲ့သော “ဒီမိုကရေစီစနစ်”ကို ပြောင်းလဲကျင့်သုံးချိန်တွင် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်မှာ အံ့သြဖွယ် ကိစ္စဟုမထင်မြင်မိပါ။ တဖြည်းဖြည်းချင်း ပြောင်းလဲကျင့်သုံးသည့်စနစ်အပေါ် အပြန်အလှန်နားလည်မှုရရှိပြီး “ခံယူကျင့်သုံးမှုမှန်ကန်”လာပါက အခြားအတုယူဖွယ်ကောင်းသော ဒီမိုကရေစီထွန်းကားသော နိုင်ငံများနှင့် တစ်နေ့ရင်ပေါင်တန်းနိုင်မည်ဟု ထင်မြင်မိပါသည်။

၂၇-၉-၂၀၁၃ ရက်တွင် ဝန်ကြီးဌာန (၂၆)ခုတွင် ခေါင်းဆောင်များအဖြစ် တာဝန်ပေးအပ်မည့် ဒုတိယဝန်ကြီး ၂၃ ဦးအား နိုင်ငံတော်သမ္မတက တွေ့ဆုံဆွေးနွေးမှာကြားရာတွင် “မိမိတို့ လုပ်နေကျ ရုံးလုပ်ငန်းကို သမားရိုးကျပုံစံ” အစား “သွက်သွက်လက်လက် ထက်ထက်မြက်မြက် တီထွင်ကြံဆတွေးခေါ်မြော်မြင်ပြီး” လုပ်ငန်းကဏ္ဍအလိုက် သိသိသာသာတိုးတက်အောင် ပုဂ္ဂလိကအသင်းအဖွဲ့များ/လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ(Delivery Unit/ Taskforce)များနှင့် မြေပြင်ကွင်းဆင်း ထိတွေ့ကာ “ရလဒ်ကောင်းရရှိမည့်နည်းလမ်း”များနှင့်အစီအမံများ ကို ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းထားသည်။

အောက်ခြေရှိ လက်ရှိအကောင်အထည်ဖော်မှု အချို့သော ကိစ္စရပ်များတွင် သွက်လက်မြန်ဆန်မှုမရှိသည့်အပြင် ပြည်သူနှင့်တိုက်ရိုက်သက်ဆိုင်သည့် (ဥပမာ-အိုးအိမ်၊ မြေယာကိစ္စရပ်များနှင့်ပတ်သက်သည့်)တရားဝင် ရုံးကိစ္စရပ်များအား ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အဟောင်းပြင်ဆင်အသစ်ဆောက်လုပ်မှုနှင့် ပတ်သက်သည့် ကိစ္စရပ်များအား ဆောင်ရွက်ရာတွင်လည်းကောင်း၊ လချီနှစ်ချီကြာဆောင်ရွက်နေမှုများ ရှိနေဆဲဖြစ်သည်။

ယင်းဖြစ်စဉ်များသည် နိုင်ငံတော်မှ ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရန် အားပေးဆောင်ရွက်မှုများအပေါ် ကြီးမားသော စိန်ခေါ်မှုများပင်ဖြစ်ပါသည်။

အမှန်တကယ် လုပ်ငန်းစဉ်အလိုက် ချမှတ်ထားသောမူဝါဒ/စည်းမျဉ်းစည်းကမ်းအတိုင်းဖွဲ့စည်း၍ အဆင့်ဆင့်တာဝန်ခွဲဝေဆောင်ရွက်ပါက ဤကဲ့သို့ကြန့်ကြာနေမှုများလျော့နည်းပပျောက်ပြီး နိုင်ငံတော်မှ ချမှတ်လျှောက်လှမ်းနေသော “ပြည်သူဗဟိုပြုစနစ်”ပိုမိုပီပြင်လာမည်ဖြစ်သည်။

ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်မှု အခြေအနေမှာ လစဉ်ဝင်ငွေ၏ ထက်ဝက်နီးပါးခန့်သည် သား၊ သမီးများ၏အခြေခံပညာသင်ကြားမှုတွင် ကုန်ကျလျက်ရှိသည်။ ကုန်ကျစရိတ်မှာ “ကျောင်းချိန်ပြင်ပ အခြေခံပညာကျူရှင်ကုန်ကျစရိတ်”ဖြစ်သည်။ ယင်းသည် လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုအပေါ် ကြီးမားသော စိန်ခေါ်မှုများဟု ဆိုရမည်ဖြစ်ပါသည်။ မိဘများအနေဖြင့် ကြီးမြင့်လာသော နေထိုင်စားသောက်မှုစရိတ်အပြင် အပိုကုန်ကျနေသော ကျူရှင်စရိတ်များကြောင့် လစဉ်ဝင်ငွေ/ထွက်ငွေအပေါ် လိုအပ်မှုများဖြစ်ပေါ်လာသည့်အတွက် လက်လုပ်လက်စား အောက်ခြေဝန်ထမ်းများသည် မိသားစု ဝမ်းရေးကိုဖြေရှင်းရန်လိုအပ်လာသောအခါ “ရိုးသားမှုဂုဏ်သိက္ခာ”ကို အလွယ်တကူ ချိုးဖောက်တတ်ကြသည်။

ထိုအခြေအနေကိုကုစားနိုင်ရန်အတွက် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်လုပ်ခ/လစာများ ပိုမိုရရှိစေရန် ရည်ရွယ်၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က အစွမ်းကုန်အားပေးကူညီဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ အခြေခံလူတန်းစားများ၏ တစ်လလုပ်ခ လစာဝင်ငွေ(အစိုးရဝန်ထမ်းများ၏ လစာမပါ)မြို့ပြတွင် ၁၀၀၀၀၀-၁၅၀၀၀၀(တစ်သိန်းမှ တစ်သိန်းခွဲအတွင်း)ဆင်ခြေဖုံးနှင့် ကျေးလက်တို့တွင် ၇၅၀၀၀-၁၀၀၀၀၀(ခုနစ်သောင်းငါးထောင်မှ တစ်သိန်းအတွင်း)သာ ဝင်ငွေရရှိသည်ဟု အကြမ်းဖျင်းလေ့လာသိရှိရပါသည်။

အစိုးရဝန်ထမ်းများ လုပ်ခ/လစာဝင်ငွေများမှာ အခြေခံလူတန်းစားဝင်ငွေနှင့်နှိုင်းယှဉ်ပါက အနည်းငယ်နည်းနိုင်သော်လည်း အခြားသော အခွင့်အရေးများနှင့်ပင်စင်လစာများ ခံစားခွင့်ရှိသည့်အပြင် ကျန်းမာရေး စောင့်ရှောက်မှု ခံစားမှုများပါ ခံစားရရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်လုပ်လက်စားလူတန်းစားနှင့် အစိုးရအခြေခံဝန်ထမ်းများ၏လူမှုဘဝများ အချိန်တိုအတွင်း အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်ပိုင်းမှ ဆောင်ရွက်ပေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

ပြည်သူဗဟိုပြုစနစ်အား တိုးတက်ဖွံ့ဖြိုးအကောင်အထည်ဖော်နိုင်ရန်အတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် နေထိုင်သည့် အခြေခံလူတန်းစားများအား မည်ကဲ့သို့အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်/စားသောက်ပုံ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ပုံနှင့် ပညာသင်ကြားပေးနေပုံတို့ကို သက်ဆိုင်ရာ ဒေသ၊ ဌာနအလိုက် အောက်ခြေအထိ ကွင်းဆင်း၍ ရပ်မိရပ်ဖ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး ကဏ္ဍအလိုက် အနီးစပ်ဆုံးတိကျမှန်ကန်သော စာရင်းဇယားများအား ပြုစုခြင်းဖြင့် သန်း၆၀ကျော်သော ပြည်သူများ၏လိုအင်ဆန္ဒများအား ဖြည့်ဆည်းပေးနိုင်မည့် ကောင်းမွန်သော နည်းလမ်းများ ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော အချို့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာရန်လိုအပ်ပါသည်။ မိမိတို့၏ လိုအင်ဆန္ဒလိုလားချက်ကို ရှေ့တန်းတင်၍ ပတ်ဝန်းကျင်နှင့်တိုင်တန်းစာများရေးသားပေးပို့ခြင်း၊ လူမှုကွန်ရက်အသီးသီးမှ ဝင်ရောက်ဝေဖန်တိုက်ခိုက်ရေးသားမှုများ ပြုလုပ်ခြင်း၊ ကန့်သတ်ချက်များကို ချိုးဖောက်ခြင်း၊ တာဝန်ရှိဝန်ထမ်းများအား ပြန်လည်ခုခံတိုက်ခိုက်ခြင်းတို့သည် လွန်စွာအရုပ်ဆိုးအကျည်းတန်စေပါသည်။

စီးပွားရေးမြို့တော် ရန်ကုန်တွင် ဥပဒေကို မလိုက်နာသည့် မော်တော်ဆိုင်ကယ်များ မြို့တွင်းဖြစ်သော လှိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်နှင့် အလုံမြို့နယ်များအထိပါ လိုင်စင်မဲ့ စီးနင်းလာရာ ဥပဒေနှင့်အညီနေထိုင်သော ပြည်သူများအတွက် အန္တရာယ်ရှိလာသဖြင့် ပညာပေးဟန့်တားအရေးယူချိန်တန်ပြီဖြစ်ပါသည်။

အစိုးရယန္တရား၏ စွမ်းဆောင်ရည်နှင့်ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည်ဟု “မှတ်ချက်ပြုအလေးထားမှုအပေါ်”ပိုမိုအရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ပြီဖြစ်ပါသည်။ ယင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ကျန်ရက်ပေါင်း ၇၃၀အတွင်း အဆင့်ဆင့်သော အစိုးရဝန်ထမ်းအသီးသီးကလည်း သန့်ရှင်းသောအစိုးရယန္တရားဖြစ်အောင် တာဝန်သိမှု၊ တာဝန်ယူမှုစိတ်ဓာတ်အပြည့်ဖြင့်လည်းကောင်း၊ ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်မှ ချမှတ်လျှောက်လှမ်းနေသော ဒီမိုကရေစီလမ်းကြောင်းအပေါ် ကောင်းမွန်စွာ ခံယူကျင့်သုံးခြင်းဖြင့်လည်းကောင်း၊ ပြည်သူဗဟိုပြုစနစ်လုပ်ငန်းစဉ်ဖြစ်သော ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်အောင် အစွမ်းကုန် ဆောင်ရွက်ကြိုးပမ်းပေးစေလိုကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘော ဆောင်ရေးသားတိုက်တွန်းတင်ပြအပ်ပါသည်။

**ပြည်သူတစ်ဦး**



**မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ပေါလောမဲ့ရှင်တော် ဘုရားကြီးတွင် ဘုရားဖူးလာသော အများပြည်သူတို့ အသိပညာ ဗဟုသုတတိုးပွားရန် စာပေရေချမ်းစင်တစ်ခုကို ဤသို့ စီစဉ်ထားလျက်ရှိသည်ကို နိုဝင်ဘာ ၁၁ ရက်က တွေ့ရစဉ်။** (ထက်ခိုင်-စမ်းချောင်း)

## အစိုးရ/စီးပွားရေးကြော်ငြာ


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ(၆၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

ကြမ်းခင်းဈေး။ ။ တင်ဒါဖွင့်သည့်နေ့တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ ဈေးနှုန်းထက်မနိမ့်သောဈေး

တင်ဒါပိတ်ရက်နှင့်အချိန်။ ။ ၉-၁၂-၂၀၁၃ (၁၆း၀၀)နာရီ

တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၀၁၂နှင့် ၀၆၇-၄၀၉၃၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းခွင်အရောက် ဘိလပ်မြေများကို အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းအောက်ရှိ (သရက်၊ ကြံခင်း၊ ကျောက်ဆည်)စက်ရုံများမှ သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းအလိုက် ပုတ်ပြတ်နှုန်းထားများပေးပို့ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၇**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၁)၊ ဦးပိုင်အမှတ်(၅၅. ခ)၊ရန်-မန်းလမ်းနှင့် သံလမ်းကြား၊ ဘုရားကြီးအရှေ့မုခ်၊ ဒေါ်စန်းစန်းအမည်ပေါက် ဘိုးဘမြေကွက်အား၊ မိခင်ဒေါ်စန်းစန်း၊ ဖခင်ဦးဝင်းဆွေတို့ကွယ်လွန်၍ မှတ်ပုံတင်မွေးစား အမွေခံကိတ္တိမသမီးအဖြစ် မွေးစားခဲ့သူဒေါ်မို့မို့အောင်[၉/မရတ(နိုင်)၀၂၂၃၆၂]မှ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်းမိတ္တူမှန်၊ မြေပိုင်ဆိုင်မှုအမည်ပေါက် မြေပုံများတင်ပြ၍မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၂/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-095(2013-2014) | Skid Mounted Water Transfer Pump With Motor Driven | (2) Units | US$ |
| (၂) | IFB-096(2013-2014) | 2900 Series Well Head Equipment &Accessories | (4) Sets | US$ |
| (၃) | IFB-097(2013-2014) | 1500 Series Well Head Equipment & Accessories | (6) Sets | US$ |
| (၄) | IFB-098(2013-2014) | 900 Series Well Head Equipment & Accessories | (12)Sets | US$ |
| (၅) | IFB-099(2013-2014) | 228D-246-86 Type Pumping Unit | (1)Set | US$ |
| (၆) | IFB-100(2013-2014) | 160D-173-74 Type Pumping Units | (5)Sets | US$ |
| (၇) | IFB-101(2013-2014) | 114D-119-48 Type Pumping Units | (6)Sets | US$ |
| (၈) | IFB-102(2013-2014) | 80D-133-54 Type Pumping Units | (5)Sets | US$ |
| (၉) | IFB-103(2013-2014) | 40D-76-48 Type Pumping Units | (8)Sets | US$ |
| (၁၀) | IFB-104(2013-2014) | 2 7/8" & 2 3/8" EUE Tubing | (2)Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

### အမြန်ရောင်းမည်

ပုဂံဟိုတယ်ဇုန် (၅. ၁၄)ဧက
1 sqft၊ (၂၀၀၀၀)ကျပ်
ရွှေလိပ်မင်း၊ ယွန်းထည်ဆိုင်အနီး၊ ဆက်သွယ်ရန်-ဖုန်း-၀၉-၄၂၀၀၁၂၄၈၉



### စာပေမြင့်မှ လူမျိုးတင့်မည်

# မြန်မာ့တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်၊ ရိုးရာကုသနည်းဖြင့် တွင်ကျယ်စွာကုသပေးနေ

မြန်မာ့တိုင်းရင်းဆေးပညာသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ထွန်းလာခဲ့သော မြန်မာတို့၏ဂုဏ်ယူစရာ ကိုယ်ပိုင်ဆေးပညာတစ်ရပ် ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်၏အားပေးမှုကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ပြည်သူလူထုယုံကြည်အားကိုးရသော အဂ္ဂိကမ္မကုထုံးနည်းများ မတိမ်ကောဘဲ လူနာများပြန်လည်ကုသနိုင်သည်ကို တွေ့မြင်လာရပြီဖြစ်ပါသည်။

"မြန်မာ့တိုင်းရင်းဆေးပညာနဲ့ပတ်သက်ပြီး အတွေ့အကြုံအရ အောက်တိုဘာလကုန်ပိုင်းက တစ်ပတ်လုံး မိုးကမပြတ်တာကြောင့် လွန်ခဲ့တဲ့(၂)နှစ်ခန့်က ချော်လဲကျခဲ့တဲ့ တင်ပဆုံနာတဲ့ဒဏ် ပြန်ခံစားခဲ့ရပါတယ်။ မိမိကိုယ်တိုင်ကလည်း တိုင်းရင်းဆေးကို ယုံကြည်၊ မိတ်ဆွေတစ်ယောက်ကလည်း ကောင်းတယ်လို့ ညွှန်းတာနဲ့ မြန်မာ့တိုင်းရင်းဆေးနဲ့ ကုသတဲ့နေရာတစ်ခုကို ရောက်ရှိခဲ့ပါတယ်။"

"မြန်မာ့တိုင်းရင်းဆေးနဲ့ ကုသတဲ့နေရာကို ဝင်လိုက်တာနဲ့ပဲ သင်းပျံ့တဲ့တိုင်းရင်းဆေးအနံ့ကို စတင်ခံစားရပြီး သန့်ရှင်း၊ သေသပ်၊ ကျယ်ဝန်းတဲ့ အခန်းနဲ့ဖွဲ့စည်းထားတာ မြင်တွေ့ရပါတယ်။ အဲဒီနောက်မှာတော့ တိုင်းရင်းဆေးပညာအတွေ့အကြုံ နှစ်ပေါင်း (၃၀)ကျော် ဝါရင့်တိုင်းရင်းသမားတော်ရဲ့ စိတ်ရှည်စွာ ညွှန်ပြမှုကို နားထောင်ပြီး ရောဂါနဲ့လိုက်ဖက်တဲ့ တိုင်းရင်းဆေးဝါးများကို ပေးပါတယ်။ အဲဒီနောက် ကုသခန်းထဲခေါ်သွားပြီး တိုင်းရင်းဆေးပညာဘွဲ့ရ ဆေးဆရာများကိုယ်တိုင်က ပြုစုကုသပေးပါတယ်။ ကုသရာမှာ မြန်မာ့ရိုးရာ ကြပ်ထုပ်ထိုးခြင်း၊ အကြောပြင်ခြင်းနဲ့ ချွေးပေါင်းထုတ်ခြင်းကို အဓိကထားတာ တွေ့ရပါတယ်"ဟု လူနာတစ်ဦးက ရှင်းပြသည်။ ယင်းတွင် စိတ်ဝင်စားဖွယ် မြန်မာ့ရိုးရာ ကြပ်ထုပ်နဲ့ပတ်သက်၍ သိလိုသောကြောင့် ဆရာအား မေးမြန်းကြည့်သောအခါ ကြပ်ထုပ်ထိုးခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာ စတင်ပေါ်ပေါက်လာသည့်အချိန်မှစတင်၍ ယနေ့ထိတိုင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသော ရိုးရာကုထုံးတစ်ရပ်ဖြစ်ကြောင်း၊ ကြပ်ထုပ်တွင် ဆေးဖက်ဝင် ကြောင်ပန်းရွက်၊ သက်ရင်းကြီးရွက်၊ ကြက်ဆူရိုးနီရွက်၊ ဖုံးမသိန်ရွက်၊ ပဒိုင်းရွက်၊ ရှောက်ရွက်စသည်တို့ပါဝင်ပြီး သန့်ရှင်းစင်ကြယ်သော ပိတ်စဖြင့် ထုပ်ပိုးစီမံထားကြောင်း၊ ယင်းကြပ်ထုပ်ကို ရေနွေးငွေ့ (သို့မဟုတ်) ဆီငွေ့စသည့်တစ်မျိုးမျိုးဖြင့် ပူစေလျက် ပွတ်လိမ်းခြင်း၊ ကြိတ်ချေခြင်းစသည့် နည်းလမ်းများဖြင့် ကုသပေးကြောင်း၊ အကျိုးအာနိသင်အားဖြင့် သွေးလည်ပတ်မှုကောင်းမွန်၍ ခန္ဓာကိုယ်ပေါ့ပါးစေခြင်း၊ ကြွက်သားတောင့်တင်းနာကျင်မှုကို သက်သာစေခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ လက်ကပ်၊ ဒူးနာ၊ ခါးနာ၊ ကျိုးပေါင်းဝေဒနာများကို သက်သာစေခြင်းနှင့် စိတ်ဖိစီးမှုလျော့ကျစေခြင်းတို့ဖြစ်ကြောင်း အသေးစိတ်ရှင်းပြသည်။

ကြပ်ထုပ်နဲ့ကုသပေးပြီးနောက် ဝေဒနာရှင်များ သိသိသာသာ သက်သာပျောက်ကင်းသွားကြသည်ဟု ဆိုသည်။ ထိုအကြောင်း ဆက်လက်မေးမြန်းသောအခါ မြန်မာ့ရိုးရာ တိုင်းရင်းကြပ်ထုပ်နဲ့အကြောပြင်တာကို အဓိကထား ကုသတဲ့အတွက် မြန်မာ့ရိုးရာတိုင်းရင်းအကြောပြင် ကြပ်ထုပ်စင်တာဟု အမည်ပေးထားကြောင်း၊ မြန်မာ့ရိုးရာတိုင်းရင်းကြပ်ထုပ်ကုသနည်းပညာရပ်ကို ဂုဏ်ယူစွာ ဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုရေးနှင့် ပြည်ပမှ လာရောက်လေ့လာလိုသူများအတွက်လည်း မြန်မာ့တိုင်းရင်းဆေးပညာစစ်စစ်ကို ပြသလိုကြောင်း ဆေးခန်း၏ရည်ရွယ်ချက်ကို သိခဲ့ရပါသည်။



သန့်ရှင်းသပ်ရပ်သည့် ဆေးကုခန်းအား တွေ့ရစဉ်။

အိမ်အပြန်လမ်းတစ်လျှောက်မှာတော့ နာကျင်ကိုက်ခဲမှုဝေဒနာ သိသိသာသာ သက်သာပျောက်ကင်းသွားသည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏အကျိုးအာနိသင်ထက်မြက်မှုကို ဂုဏ်ယူကျေးဇူးတင် အောက်မေ့ရင်း မိုးနှင့်အတူပါလာသည့် လေပြေအေးကလေးကို တစ်ဝကြီး ရှူရှိုက်မိသည်။ မိမိကဲ့သို့ ရောဂါဝေဒနာခံစားရသူများ ငွေကုန်ကြေးကျနည်းပြီး မြန်မာ့တိုင်းရင်းဆေးပညာစစ်မှန်သည့် အမှတ်(၆၀)၊ လိပ်ကန်လမ်း၊ YMBA အနီး ရေကျော်၊ ရန်ကုန်မြို့မှာရှိတဲ့ ဆေးတော်ဝင် မြန်မာ့ရိုးရာတိုင်းရင်းအကြောပြင် ကြပ်ထုပ်စင်တာ၊ ဖုန်း-၀၉-၃၁၃၃၈၀၅၄ သို့ သွားရောက်ကုသနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **(ငွေးခိုင်)**

# ညောင်တုန်းမြို့၌ နွေစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ် ထုတ်ချေး

**ညောင်တုန်း နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စု ခနှာ၊ ပနော်၊ ကျုံဝါးရေကျော်ကျေးရွာများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နွေစပါးစိုက်တောင်သူလယ်သမားများအား နွေစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ ကျင်းပရာ မြို့နယ်မန်နေဂျာဦးမြင့်စန်း၊ ဒုမန်နေဂျာ ဦးကြည်စိုးတို့က နွေစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

နွေစပါးစိုက်ပျိုးသူတောင်သူလယ်သမား ၆၂ ဦးအား စိုက်ဧက ၄၈၄ ဧကကို တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးခြင်းဖြစ်ရာ ယမန်နှစ်က တစ်ဧကလျှင် ရှစ်သောင်းကျပ်ဖြင့် တောင်သူတစ်ဦးချင်းအား ငွေထုတ်ချေးပေးရာ ယခုနှစ်တွင် တစ်ဧကလျှင် တောင်သူတစ်ဦးချင်းအား ငွေကျပ် နှစ်သောင်းနှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးသဖြင့် စပါးစိုက်ပျိုးတောင်သူလယ်သမားများမှာ ချေးငွေများ တိုးမြှင့်ရရှိသဖြင့် ကျေးဇူးတင် ဝမ်းသာလျက်ရှိကြောင်း တောင်သူများကိုယ်စား ဦးရဲမြင့်ထွန်းက ရှင်းပြသည်။**ထွန်းကျော်(ညောင်တုန်း)**


## လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း(Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏ ပိုမိုလွန်ကွဲစွာဖြစ်ပေါ်ခြင်း (Over heating or Over Loading)နှင့် ချို့ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲခြင်းမှ အပူနှင့်မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှု စတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝါယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချသတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ(Safe Guard) ချို့ယွင်းပါက အလိုအလျောက်(Auto) ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သောနေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်ပါသည်။



## အစိုးရ/စီးပွားရေးကြော်ငြာ

### ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
### ရန်ကုန်မြို့နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့နား၊နှာခေါင်း၊ လည်ချောင်း၊ အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး**
**ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၂၀၉၊ ၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈**

### ကားရောင်းမည်

TOYOTA, CALDINA 99 MDL
အဖြူ Manual gear, နောက်လေး CC/8--ကားသန့်၊ (၁၇၅သိန်း)
**ဖုန်း-၀၉၅၀၁၇၄၉၇**












# ပန်ထွာကျိန်စာ ပြယ်သောအခါဝယ်

## ဒေါက်တာလွင်ကို

၁၉၇၂ အလုပ်သင်ဆရာဝန်ပြီးစ Posting မကျသေးမီ မိမိဆွေမျိုးများရှိရာ ရွာများသို့ တစ်ရွာငါးရက် အလှည့်ကျဆေးကုသွားခဲ့ရသည်ကို သတိရမိပါသည်။ မောင်ချစ်ဆွေခေါ် ညီတစ်ဝမ်းကွဲက တစ်ရွာဝင်တစ်ရွာထွက် တစ်အိမ်ဝင် တစ်အိမ်ထွက် ဆေးအိတ်လိုက်ကိုင်၍ပို့ပေးပါသည်။ ညဘက် လူနာလိုက်ကြည့်ရသည့် အဖြစ်များကို ပြန်လည်မြင်ယောင်မိပါသည်။

ခလုတ်တိုက်လဲ၍ ရယ်စရာဖြစ်ရခြင်း၊ ရွာလမ်းများတွင်သွားခိုက်၊ အိမ်တိုင်းမှခွေးများ အိမ်ရှေ့ထွက်ကာဟောင်၍ လိုက်ခြင်း၊ ရွာရောက်၍လူနာအသက်မရှိတော့သည့်အဖြစ်အပျက်များကို စိတ်မသက်မသာနှင့် မြင်တွေ့ရခြင်းတို့သည် မမေ့နိုင်ဖွယ်မြင်ကွင်းများဖြစ်ပါသည်။ ထိုတစ်ည၏အဖြစ်ကို ယခုတိုင် ရယ်စရာတစ်ဖုံ၊ ကြောက်မက်ဖွယ်ရာတစ်သွယ် ရင်ထဲစွဲကျန်နေပါသည်။ ဂျုတ်ကုန်းရွာမှာ အရီးလေးမကြွေ ပန်းနာထနေလို့ ဆေးသွားထိုးပေးတာ လက်နှိပ်ဓာတ်မီး မေ့လာတော့ အကြောဆေးထိုးဖို့ ကြိုးစားခိုက် ကျွန်တော်က ခေါင်းငုံ၍ အကြောသေချာမြင်ရအောင် အကြည့်တွင် အရီးလေးတူမ ခင်ကြူက မီးခွက်ရှေ့တိုးပေးလို့ နဖူးထိပ်မှ ဆံပင်များ မီးလောင်သွားခဲ့ခြင်းအဖြစ်ကို တွေးမိတိုင်း ရင်တုန်မောဟိုက်နေမိပါသည်။

ယခုတစ်ခေါက် တောင်တွင်းကြီးရောက်တော့ ကုန်းခေါင်ခေါင်က ရွှေရောင်တော်ဘုရားကို ဖူးဖြစ်ခဲ့ပါသည်။ တစ်ချိန်က ကုန်းခေါင်ခေါင် ရွှေရောင်ဝင်းနေသောစေတီတော်မှာ ယခုအခါ စိမ်းစိုသည့်သစ်ပင်ကြီးများပေါ်တွင် တည်ထားသယောင် မြင်နေရ၍ ဝမ်းသာမိပါတော့သည်။ ဆည်မြောင်းဌာနက အဝီစိတွင်းတူးပေး၍ ရေပေါပေါများများရကြောင်း၊ ကျေးဇူးတင်နေကြောင်း ဂေါပကအဖွဲ့ကပြောပြလိုက်ပါသည်။

ဆက်တိုက်ပင် ပန်ထွာဘုရင်မ၏မြို့တော် ဗိဿနိုးမြို့ဟောင်း ဘုရင်မရေကစားသည့် ကြီးရိုးကြီးကန် ထိုပတ်ဝန်းကျင်ရှိ စိမ်းလန်းသောရုတ်ခင်းများ၊ ပြောင်းခင်းများကိုမြင်တွေ့ရတော့ ပို၍ပင် အံ့သြဝမ်းသာဖြစ်ရပါတော့သည်။

ရာဇဝင်ကိုပြန်စဉ်းစားလိုက်တော့ ပန်ထွာမိဖုရားကို ချစ်မြတ်နိုးသူဒွတ္တဘောင်မင်းကြီးက စစ်ချီပြီးသိမ်းပိုက်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တာ ဘယ်လိုမှမရတာ၊ ရန်ပယ်ချောင်းကျေးဇူးပါ။ အဲဒီခေတ်တုန်းက ရန်ပယ်ချောင်း အပေါ်ပိုင်း တစ်နေရာကို တမံတုတ်ပြီး စည်တီးတဲ့အခါမှ ရေလွှတ်လိုက်တော့ ဗိဿနိုးမြို့ကြီးကိုတိုက်ဖို့လာတဲ့ရန်သူဟူသမျှ ချောင်းရေထဲမျောသွားတာ။ ဒီစည်ကြီးကို ဖျက်ဖို့ ဒွတ္တဘောင်မင်းကကြံတော့၊ စည်ကြီးပျက်သွား။ ပန်ထွာဘုရင်မနဲ့ဗိဿနိုးမြို့ကြီးကို ဒွတ္တဘောင်မင်းကြီးကသိမ်းပိုက်။ ပန်ထွာဘုရင်မကြီးရဲ့လူတွေက ငမင်ချောင်းဘက်ရွှေ့ပြေး။ မိဖုရားကြီးကစိတ်နာတော့ အတ္တမာနကြီးတဲ့ ဒွတ္တဘောင်မင်းကြီးနဲ့ သူ့လူတွေစိုးမိုးထားတဲ့ ဗိဿနိုးနယ်မြေမှာပညာရှိများအတွက် အထောက်အကူ တစ်စုံတစ်ရာမပြုပါစေသား။ ရန်ပယ်ချောင်း တစ်လျှောက်က ဒွတ္တဘောင်၏တပည့်သားမြေးနှင့်အဆက်အသွယ်များ ဥစ္စာစီးပွား၊ လူမှုရေးရာမထွန်းမကားဖြစ်ပါစေသားလို့ ကျိန်စာဆိုခဲ့တဲ့ပါးစပ်ပုံပြင်တွေကို အမှတ်ရမိပါသည်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က မဟာမြိုင်တောထဲမှာ မဟာဗောဓိမြိုင်ဆရာတော်ကြီးကို သွားဖူးတော့ ရွှေဘိုနဲ့ မိုင်နှစ်ရာလောက်ဝေးတဲ့ တောင်ခါးပန်းလမ်းဘေးတစ်နေရာမှာ ပန်ထွာဘုရင်မနတ်နန်းကို တွေ့ရသည်။

ညနေပိုင်းဂျုတ်ကုန်းရွာဝင်တော့ ကျွန်တော့်ကို ဘယ်သူမှမမှတ်မိကြတော့။ နှစ် ၄၀ ကျော်ကြာတော့ အရီးလေးမကြွေလည်းမရှိတော့။ ခင်ကြူဆိုသည့် ကလေးမကို ရှာတွေ့တော့လည်း ကျွန်တော့်ကိုမမှတ်မိ။ ငါနင်တို့အဘိုးလေး ကျောင်းဆရာကြီး ဦးတင်ဦးရဲ့ဇနီး ဒေါ်ခင်စိန်ရဲ့တူလေ။ နင်ငါ့ဆံပင်ကိုတောင် မီးရှို့ဖူးသေးတယ်။ မမှတ်မိဘူးလားမေးတော့မှ ဟိုဟို-ဒေါက်တာ အစ်ကိုကြီးလားတဲ့။

အေး ဟုတ်တယ်။ ခင်ကြူ့သားသမီးတွေရော အရာရှိအရာခံတွေဖြစ်နေရောပေါ့။

ဘယ်ကသာ အစ်ကိုကြီးရာ ကျောင်းမှကောင်းကောင်းမထားနိုင်ဘဲ။ ကျွန်မတို့ရွာက ပညာရေး၊ လူမှုရေး ထွန်းထွန်းကားကားမရှိပါဘူး။ မိုးကခေါင်ရေကရှားနဲ့တစ်နှစ်တစ်နှစ် အကြွေးမတင်အောင်ဘဲ လုံးပန်းနေရတာ။ ခုနောက်ပိုင်းဆိုရင်တော့ ကျွန်မတို့ရွာ ပညာတတ်တွေ ပေါလာတော့မှာပါ။ အခုရန်ပယ်ချောင်းဘေးမှာ ဆိုလာအင်နာဂျီဆိုလားဘာဆိုလား လုပ်ပေးထားပြီး အဝီစိတွင်းကရေကို တင်ကာ စိုက်ခင်းတွေကို ရေပေးနေတယ်လေ။ ပိုလျှံရေကို ကြီးရိုးကြီးကန်မှာ လှောင်ထားတာအခုတော့ဆယ့်နှစ်ရာသီ ရေရနေပေါ့ အစ်ကိုကြီးရ။ ဒါကျွန်မသား ဒီကောင်ပဲ စိုက်ပျိုးရေးတွေ လုပ်နေရတာ လုံးချာကိုလိုက်လို့။

အမေရ-အရင်တုန်းကပါဗျ။ ဆရာဦးလေးကြီး အရင်တုန်းက လုံးချာလိုက်တယ်ဆိုတာ စီးပွားရေးခင်ဗျ။ အခုလုံးချာလိုက်တာက အလုပ်ခင်ဗျ။ရေကလိုသလိုရနေတော့ အလုပ်အားတယ်ကို မရှိဘူး။ဝင်ငွေလည်းကောင်းလာပါပြီ။ ဌာနဆိုင်ရာလူတွေ ရှင်းပြတာရော၊ ကျွန်တော်တို့ကိုယ်တိုင် လုပ်ကြည့်လို့ သိတာရောပြောရရင် ဟိုအရင်က ကြီးရိုးကြီးကန်နားမှာ ငါးဧကလောက်ပဲ စိုက်ပျိုးဖြစ်တဲ့မြေရှိတာ။ အခု ၁၃ ဧကဆိုတော့ ရှစ်ဧကတိုးလာတာပေါ့။ ကျွန်တော်တို့က နှမ်း၊ အာလူး၊ ငရုတ်အားပြုစိုက်ကြတာလေ။ ဥပမာဆိုပါတော့ဗျာ၊ ဒီငါးဧကကို သီးနှံသုံးမျိုးစိုက်တာ ဝင်ငွေသိန်းတစ်ရာကျော်လောက်ရရင် အခု ၁၃ ဧကစိုက်နိုင်ပြီးဆိုတော့ သိန်း ၂၆၀ ဖိုးလောက် ထွက်လာတာပေါ့။ ဒီတစ်နှစ် သိန်း ၁၆၀ လောက်ပိုရလာတယ်ခင်ဗျ။ ဒါကန်နားက ယာတွေတင်ပဲ ရှိသေးတယ်။ အခု ဆိုလာအင်နာဂျီနဲ့ရေပေးနိုင်တာ စပါးဧက ၅၀ လောက် ရှိလာပြီ။ ဒါကြောင့် မနှစ်ကစပြီး ရွာကလူတွေ ချောင်ချောင်လည်လည် ဖြစ်လာကြတယ်။ နောက်ပြီး အခု တစ်ရွာလုံးလည်း လျှပ်စစ်လင်းပြီခင်ဗျ။

ဘယ်သူတွေ၊ ဘယ်အဖွဲ့အစည်းတွေ လာပြီးအကူအညီပေးတာလဲကွဲ့။

လွှတ်တော်အမတ်ဆိုလား ဝန်ကြီးဆိုလားသူနဲ့ အဖွဲ့တွေပေါ့။ လယ်ဆည်ဝန်ထမ်းတွေ ပြောတာပဲ။ နောက်ကိုရီးယားက “ကေဒီပါဝါ”ဥက္ကဋ္ဌဆိုတဲ့ လူကြီးက ဆိုလာပြားတွေ၊ ဘက်ထရီတွေ၊ ပိုက်တွေ လိုသလောက်လှူတယ် ပြောတယ်။ လူကတော့လူချောပဲဗျ။ ဦးကြီးတို့လိုပဲ၊ ဒါပေမဲ့ ဦးကြီးတို့လောက်တော့ အသက်မကြီးသေးဘူး။ အေးအေး အဲဒီကလူက မစ္စတာယူတဲ့။ သူနဲ့တွေ့ရင် ခင်ဗျားကို ဂျုတ်ကန်းရွာသူရွာသားတွေက ချောတယ်လို့ ပြောတယ်။ စာသင်ကျောင်းပါ ဆောက်ပေးလိုက်ပါဦးလို့ ဦးကြီးပြောလိုက်ပါ့မယ်ကွာ။ သူတို့တစ်တွေက ရန်ပယ်ချောင်းတစ်လျှောက် ကွင်းသာနဲ့ ကွမ်းခြံကျေးရွာတွေမှာလည်း ထပ်ပြီးတော့ ဆိုလာအင်နာဂျီနဲ့ ရေရအောင် လုပ်ပေးဦးမယ်လို့ သိရတယ်။

အစ်ကိုကြီးမိုးချုပ်နေပြီ။ ဒီမှာညစာထမင်းစား အိပ်သွားပါဦး။ ဘုန်းကြီးကျောင်းမှာအိပ်ဖို့ စီစဉ်လိုက်မယ်။ကျောင်းမှာလည်း လျှပ်စစ်မီးထိန်ထိန်လင်းလို့၊ ဘုရားဆို မာကျူရီမီး ညလုံးပေါက် ပူဇော်ထားတာ။

တော်ပါပြီ ခင်ကြူရာ။ ငါ့တူမတွေ စေတနာရှိမှန်းသိပါတယ်။ ဒီမှာညအိပ်ရင်ငါ့ဆံပင် မီးလောင်မှာစိုးလို့၊ အစ်ကိုကြီးကတော့ ပြောရော့မယ်။ မအိပ်ရင်တောင် ထမင်းတော့စားသွားပါ။ မင်းတို့စေတနာတွေ အသိအမှတ်ပြုပါတယ်ကွာ။ အခုလိုလမ်းကလည်းကောင်း၊ ကားတွေကလည်းကောင်းဆိုတော့ တောင်တွင်းကြီးပြန်ရင်တောင် နာရီဝက်ပေါ့ဟာ။

အစ်ကိုကြီးကလည်း အားလုံးငြင်းနေတာပဲ။ ဒီလိုဆို ငရုတ်သီးနဲ့ ကြက်သွန်တော့ ပေးလိုက်ပါရစေ။ ဒါလေးတော့ယူသွားပါ။ အစ်ကိုကြီးတို့ မိသားစုအတွက်နဲ့ဒီလာပြီးရေတွင်းတူးပေးသွားတဲ့ လွှတ်တော်အမတ်ကြီး မိသားစု အတွက်ရယ်ပါ။

ရပြီးပြီလို့ အောက်မေ့ပါတယ်ဟာ။

အစ်ကိုကြီးရာ ကျွန်မတို့ပေးတာ တန်ဖိုးမရှိလို့လား။ နှစ် ၄၀ ကြာမှ တစ်ခါတွေ့ရဆိုသလိုမို့ပါ။ နောက်ပြီးဟိုအမတ်ကြီးပေးချင်တာလည်း ဘယ်လိုပေးရမှန်းမသိ။ ကျွန်မတို့နဲ့ အလှမ်းဝေးလွန်းလို့ပါ။ ကျွန်မတို့ပေးတာ မယူတဲ့အပြင် အငေါက်ခံနေရမှာစိုးလို့ ကိုကြီးကပဲအကျိုးဆောင်ပေးပါလို့ တောင်းပန်ပါတယ်။

အေးပါ-တို့ကူညီပြီး ပို့ပေးပါမယ်။သူ့ဆီပေးလိုက်တဲ့ ကြက်သွန်တစ်ပြည်နဲ့ ငရုတ်သီးနီ့ဆီတစ်လုံး ဂျုတ်ကုန်းရွာကပေးလိုက်တာ လမ်းမှာပဲကုန်သွားပြီလို့ စကားလက်ဆောင်တော့ ဆက်ဆက်ပါးလိုက်ပါမယ်။ (ဒါဆို ရတယ်မို့လား)။ အခုစပါးစိုက်ဧက ၅၀ တိုးလာပြီဆိုတော့ တစ်ဧကဘယ်နှတင်းထွက်လဲ။ တစ်တင်း ဘယ်ဈေးရလဲ။

မိုးကောင်းသောက်ကတော့ တစ်ဧက ၄-၅-၁၀တင်းပေါ့။ မိုးမှ မရွာဘဲ။ အခုကန်ရေသောက်က တစ်ဧကတင်း ၄၀ လောက် ထွက်တယ်။ တစ်တင်း လေးထောင်ဈေးလောက်ရှိတယ်။

ဟ-ဟုတ်လှချည်လားကွ။ မိုးကောင်းရေသောက် ဧက ၅၀ ကိုရောကန်ရေသောက်လုပ်လို့ရရင် စပါးစိုက်ဧက ၁၀၀×တင်း၄၀× ငွေ ၄၀၀၀ ဆိုတော့ သိန်း ၁၆၀ လောက် မင်းတို့ရွာဝင်ငွေတိုးလာဦးမှာပေါ့။ ဝမ်းသာတယ်ကွာ။ဒီလိုဆိုရင် မင်းတို့ကလေးတွေ ၈-၉-၁၀တန်းလောက်မှာ တောင်တွင်းဖြစ်ဖြစ်၊ မကွေးဖြစ်ဖြစ် ကျောင်းကောင်းကောင်းထားလို့ရပြီ။ပညာတတ်အောင် သင်ပေးကြကွ။ ဒါမှ နိုင်ငံစီးပွားရေး ရေရှည်တည်တံ့မှာ။ နောက်ပြီး စပါးစိုက်ရင် “ပုလဲစပ်မျိုး”နာမည်ကြီးနေတယ်လေ။ အနည်းဆုံးတစ်ဧကတင်း တစ်ရာ။ အများဆုံးသုံးရာအထိလည်း ထွက်တယ်။ နည်းပညာကို လေ့လာသင်ယူပြီး စိုက်ကြည့်ပါလား။ မျိုးစပါးနဲ့နည်းစနစ်ကို မြို့တက်ပြီးလယ်ဆည်ဝန်ကြီးဌာန-အရင်တုန်းက လယ်စိုက်ရှင်းပေါ့ကွာ။ အဲဒီမှာသွားစုံစမ်း။ နောက်ပြီး “လယ်ယာစီးပွား”သတင်းဂျာနယ်လည်းရှိတယ်။ အဲဒါကိုမှန်မှန်ဖတ်။ ဗဟုသုတကတော့ အမြဲမပြတ် လိုက်စားနေကွာ။ လူကြီးတွေသိတဲ့ လက်တွေ့ဗဟုသုတကို လူငယ်ကိုလက်ဆင့်ကမ်း။ လူငယ်က စာတွေဖတ်ပြီးလေ့လာပေါ့။ တို့ငယ်ငယ်တုန်းက ဘုန်းကြီးသင်ပေးတာ သု-စိ-ပု-ဘာ-ဝိ-လိ-သိ-ဓာ အက္ခရာရှစ်လုံး၊ ဉာဏ်ပန်းကုံးကို၊ သီကုံးပန်းသွင်၊နေ့တိုင်းဆင်လော့လို့ ရှိတယ်လေ။ အသေးစိတ်ကိုတော့ ရွာကျောင်းဘုန်းကြီးသွားမေးကွာ။ တို့ပြန်တော့မယ်။

အစ်ကိုကြီးကားနောက်ခန်းထဲမှာ ကြက်သွန်နှစ်အိတ်နဲ့ ငရုတ်သီးခြောက်နှစ်အိတ်ထည့်ထားလိုက်ပါပြီ။ အစ်ကိုကြီး ငြင်းနေမှာစိုးလို့ မပြောဘဲထည့်ထားတာ၊ တောင်းပန်ပါတယ်။ တောင်တွင်းကြီးသို့ အပြန်လမ်း လပြည့်ကျော် (၃)ရက် လထွက်စပြုနေပါပြီ။ ကြည်လင်သော မိုးကောင်းကင်ကိုကြည့်ရင်း ပဲခင်း၊ နှမ်းခင်း၊ စပါးခင်းများနှင့် စိမ်းမြနေသော ဂျုတ်ကုန်းရွာပတ်ဝန်းကျင်ကို စိတ်အာရုံတွင် ကြည်နူးစွာခံစားခိုက် ကားနောက်ခန်းတွင်ထည့်ထားသော ကြက်သွန်နံ့နှင့် ငရုတ်သီးနံ့တို့ နှာဝသို့ရောက်လာပါသည်။

သြော် သူတို့စေတနာကိုးဟု နားလည်သဘောပေါက်စွာ ရဲရဲကြီးပင် မည်းမည်းမည်း ရှူရှိုက်ရင်း. . သြော်. . ပန်ထွာမိဖုရားကြီး၏ ကျိန်စာပြယ်ပြီထင့်။ ။

စီးပွားရေးကြော်ငြာ

BlueOcean

CONGRATULATIONS ON ACHIEVEMENT OF ISO 9001:2008 CERTIFICATION

နိုဝင်ဘာလ အသိအမှတ်ပြု ISO 9001:2008 ရရှိသည့်
Call Center၊ M188 Mobile Application Services နှင့် Mobile Rental Services များကိုလုပ်ကိုင်နေသည့်
Blue Ocean Operating Management ကုမ္ပဏီအတွက် ထပ်တူဝမ်းမြောက်ဂုဏ်ယူမိပါသည်

mountasia Ignite TRADE MTI

ပြည်တွင်းရေးရာ

# မင်းကွန်းရှေးဟောင်းဒေသက ထူးခြားသည့် သာသနာ့သမိုင်းဝင်နယ်မြေ ငွေတောင်တောရ



မင်းကွန်းရှေးဟောင်း ယဉ်ကျေးမှုဒေသတွင် မြန်မာနိုင်ငံ ရွှေကျင်သာသနာတော်သမိုင်းနှင့် ပတ်သက်သည့် အထင်ကရနေရာဌာနကြီး တည်ရှိနေသော်လည်း သိရှိသွားရောက်လေ့လာသူ နည်းပါးကြောင်း သိရသည်။ အဆိုပါနေရာဌာနမှာ ပထမရွှေကျင်ဆရာတော်ကြီး နောက်ဆုံးတောရဆောက်တည်သီတင်းသုံးသွားတော်မူရာ၊ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းပျံလွန်တော်မူခဲ့ရာ အထိမ်းအမှတ်၊ အရိုးအိုးစေတီတည်ရှိရာ မင်းကွန်းငွေတောင်တောရ ရွှေကျင်တိုက်ကြီးဖြစ်ပါသည်။ ငွေတောင်တောရ ရွှေကျင်တိုက်ကြီးသည် မင်းကွန်းရွာအနောက်ဘက်တွင် တည်ရှိပြီး အဆိုပါတောရကျောင်းတိုက်ကြီးတွင် မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်က အထူးထင်ရှားတော်မူသည့် ပထမရွှေကျင်ဆရာတော်ကြီး အရှင်ဇာဂရမဟာထေရ်သည် ပျံလွန်တော်မူသည်အထိ တောရဆောက်တည်သီတင်းသုံးတော်မူခဲ့သည်ဖြစ်၍ မြန်မာနိုင်ငံ သာသနာတော်သမိုင်းတွင် ထူးခြားလှသည့်နေရာဌာနတစ်ခုဟု ဆိုနိုင်ပေသည်။ အဆိုပါငွေတောင်တောရ ရွှေကျင်တိုက်ကြီးအတွင်းတွင် ပထမရွှေကျင်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် သီပေါမင်း၏ ကောင်းမှုဖြစ်သော လယ်ပေါ်သုံးဆင့်ကျောင်းတော်ကြီး၊ ပထမရွှေကျင်ဆရာတော်ကြီး၏ အရိုးအိုးစေတီတော်နှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး မြင့်မြတ်သည့်ရဟန်းဘဝသို့ ရောက်ရှိတော်မူရန် ရဟန်းခံတော်မူခဲ့သည့် ငွေတောင်တောရရွှေကျင်တိုက်ကြီး ခဏ္ဍသိမ်တိုက်ကြီးတို့ တည်ရှိနေပေသည်။

ပထမရွှေကျင်ဆရာတော်ကြီး၏ အရိုးအိုးစေတီအနီးတွင် ၁၂၅၀ ပြည့်နှစ်က သမုတ်တော်မူခဲ့သည့် "ရဇတာစလ ငွေတောင်သိမ်တော်" တည်ရှိသည်။ အဆိုပါ ငွေတောင်တောရရွှေကျင်တိုက် ခဏ္ဍသိမ်တော်မှာလည်း သာသနာတော်သမိုင်းအတွက် ထူးခြားသောနေရာဌာနကြီး ဖြစ်ပေသည်။ မြန်မာနိုင်ငံ၌ ပထမဆုံး ပေါ်ထွန်းတော်မူလာခဲ့ပြီး နေတစ်ဆူ၊ လတစ်ဆူကဲ့သို့ ထင်ရှားတော်မူသည့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးသည် အဆိုပါသိမ်တော်ကြီးတွင် ၁၂၉၂ ခုနှစ်က မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်ပေသည်။ မင်းကွန်းငွေတောင်တောရသည် သာသနာ့တံခွန်ဆရာတော်ကြီးများနှင့် များစွာဆက်စပ်မှုရှိနေသဖြင့် ထူးခြားလှပါသည်။

ပထမရွှေကျင်ဆရာတော်ကြီး နောက်တွင် အဂ္ဂမဟာပဏ္ဍိတ ပတ္တမြားဆရာတော်ကြီးအရှင်ဇာဂရ မဟာထေရ်သည် မန္တလေးပတ္တမြားတိုက်မှ မင်းကွန်းငွေတောင်တောရသို့ ပြောင်းရွှေ့၍ ပဋိပတ္တိ၊ ပရိယတ္တိတို့ကို ကြိုးပမ်းအားထုတ်တော်မူရင်း သက်ဆုံးတိုင် သီတင်းသုံးတော်မူခဲ့သည်။ ပထမရွှေကျင်ဆရာတော်ကြီးနှင့် ဘွဲ့အမည်တူသည့် ပတ္တမြားဆရာတော်ကြီးသည် မင်းကွန်းငွေတောင်တောရတွင် တောရဆောက်တည်သီတင်းသုံးတော်မူရင်း ကျမ်းဂန်စာပေများစွာတို့ကိုလည်း ပြုစုတော်မူခဲ့သည်။ မင်းကွန်းငွေတောင်တောရ ပထမရွှေကျင်ဆရာတော်ကြီး၏ အရိုးအိုးစေတီတော်အနီး၌ တံခွန်တိုင်အဖြစ် ပြန်လည်စိုက်ထူလှူဒါန်းထားခဲ့သည့် ဗဒိုမင်းလက်ထက် အသုံးပြုတော်မူခဲ့သည့် စကျင်ကျောက်သား "သက်ုံတိုင်" ခေါ် "နေလှည့်တိုင်" ကိုလည်း လေ့လာနိုင်ပေသည်။ ရွှေကျင်ဆရာတော်ကြီးများအဆက်ဆက်အသုံးပြု ထိုးခေါက်တော်မူခဲ့ကြသည့် အမြင့် ၁၀ တောင်ကျော် လုံးပတ်လေးတောင်ခန့်ရှိပြီး ကြီးမားသော ရှေးဟောင်းတုံးမောင်းကြီး (အုန်းမောင်းကြီး)ကိုလည်း တွေ့ရှိလေ့လာနိုင်ပေသည်။

သာသနာ့သမိုင်းတွင် ထင်ရှားခဲ့သည့် နေရာဌာနထူးဖြစ်သော မင်းကွန်းငွေတောင်တောရရွှေကျင်တိုက်ကြီးသည် မြသိန်းတန်စေတီ၏ အနောက်ဘက်၊ မင်းကွန်းတောင်ရိုးအစပ်၌ တည်ရှိပြီး သဘာဝသစ်တောသစ်ပင်များနှင့် အံ့ဆိုင်းသာယာကာ အေးချမ်းဆိတ်ငြိမ်သောနေရာတစ်ခုဖြစ်ပေသည်။ မင်းကွန်းဒေသသို့ ရောက်ရှိပါက ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီး၊ ခေါင်းလောင်းကြီး၊ မြသိန်းတန်စေတီတော်တို့တွင်သာ ခရီးဆုံးမနေဘဲ မဝေးလှသော ငွေတောင်တောရရွှေကျင်တိုက်ကြီးအထိ ခရီးဆက် သွားရောက်လေ့လာဖူးမြော်သင့်ပါသည်။ ထူးခြားသော သမိုင်းဝင်ငွေတောင်တောရသာသနာ့မြေကို ရောက်ရှိမှလည်း မင်းကွန်းကို ရောက်ရှိခြင်းမှာ ပြည့်စုံသည်ဟု ဆိုနိုင်မည်ဖြစ်ပါတော့သည်။

**(နန္ဒာမင်းလွင်)**



**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ (၇၉) နှစ်မြောက် မြို့နယ်လုံးကျွတ်မဟာဘုံကထိန်ပွဲတော်တွင် ရမည်းသင်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နိုဝင်ဘာ ၁၀ ရက်က ပဒေသာပင်များဖြင့် လှည့်လည်လာသည်ကို တွေ့ရစဉ်။** လှိုင်သန်းတင့် (ရမည်းသင်း)








ရောင်းမည်

| | | |
|---|---|---|
| ၁။ | ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင် (၀. ၃၆) ဧက (ရွှေအုန်းပင်ထမင်းဆိုင်အနီး) | သိန်း ၁၂၀၀၀ |
| ၂။ | ရန်ကင်း(၃)လမ်း၊ လှည်းကူးမြို့နယ်၊ ပေ(၈၀×၈၀)ထောင့်ကွက် (ရန်ကုန်-ပဲခူးလမ်းအပေါ်မေးတင်) အာဆီယံဟိုင်းဝေး-၁ | သိန်း ၄၅၀၀ |
| ၃။ | ညောင်နှစ်ပင်မွေးမြူရေးဇုန် (၁၀)ဧက | သိန်း ၂၅၀၀ |
| ၄။ | ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၅)ဧက | သိန်း ၁၁၀၀ |
| ၅။ | သာယာကုန်း (ကျွန်းကလေးကျေးရွာ(၁)ဧက (ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင်) | သိန်း ၆၅၀၀ |

ဆက်သွယ်ရန်
ဖုန်း-၀၉-၄၅၀၀၁၁၁၁၁၊ ၀၉-၈၆၃၀၈၈၈၊ ၀၉-၅၁၂၂၇၆၆

25 ယောက်စီး
MINI BUS
များရောင်းရန် ရှိသည်။
Hot Line:
09-5311173









# IT COMPUTER TRAINING CENTER

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

Computer Basic | LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE - 09420290778, 383693, 253293



ကထိန်ဆိုသည်မှာနှင့်

အသိဉာဏ်ဖွင့်ဆောင်းပါးများ

ကထိနကရဟန်း



## ကွန်ဒိုငှားမည်

1357/1320 စ/ပေ ရှိ အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် (Business Tower) တွင် ပြင်ဆင်ပြီး တိုက်သစ်အခန်း(၂)ခန်းငှားရန်ရှိသည်။


| | |
|---|---|
| **ပြင်ဆင်ဖတ်ရှုပါရန်** | ၂၉-၁၀-၂၀၁၃ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၄)ပါ ဦးလှမြင့်အမည်ပေါက် ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ရာမသုခကျောင်းလမ်းအစား ဓမ္မသုခကျောင်းလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ |


UNIQUE MARINE TRAINING CENTER

Workshop Skills Training Course

Basic Safety Training (4 Tickets)

Ship Security Awareness Course(SSA)



BOSTON

Opening In November

* Pre - School (Age 3-5)
* Young Learners (Age 6-15)



GREAT STAR ပလတ်စတစ်



## ရောင်းမည်

လှည်းကူးမြို့ မျက်နှာစာ၊ ပေ(၁၆၀×၃၃၅)၊ လှည်းကူး-ပဲခူးလမ်းမကြီးမေးတင်။

ပွဲစားမလို

ဖုန်း-၀၉-၄၂၁၁၇၂၄၂၄၊ ၀၁-၈၆၁၉၀၅၈



Prestige Centre of Management

English for Hotel & Catering Service

English for Business Management

Basic English Speaking

Call: 01-256590, 384127, 09-428311204





## မိုနဲ့ဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်။)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129,09-73216251**
- **E-mail:kyonedoe@gmail.com**



CALIFORNIA UNITEC

Institute of Engineering

edexcel

BTEC HND Higher National Diploma in Civil Engineering

www.californiaunitec.com

www.facebook.com/californiaunitec





Since 1989

SAYA-TONY

* IELTS / TOEFL

- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Advanced General English (AGE)
- Basic Grammar & Essay (BGE)
- Basic Translation Course (BTC)


သင့်သွေးဖြင့် အသက်ကယ်ပါ

## ကြော်ငြာစာမျက်နှာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုရှစ်မျက်နှာ ပါရှိပါသည်။

# နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ရေရှည်ဖြည့်ဆည်းပေးနိုင်ရန် နှစ် (၃၀) လျှပ်စစ်မဟာဗျူဟာစီမံကိန်းကို အလေးအနက်ထား ဆောင်ရွက်ခဲ့

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စာမျက်နှာ - ၇

## ယနေ့ မာတိကာ


ကျန်းမာရေးအသိ — စာမျက်နှာ - ၂

ရန်ကုန်မြို့တွင်း ပုဂ္ဂလိကပိုင် မီးစက်များ မကြာမီ ဖယ်ရှားမည် — စာမျက်နှာ - ၆

စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး နိုင်ငံ့ဖွံ့ဖြိုးရေးအတွက် အရေးကြီး — စာမျက်နှာ - ၁၀

တံကောက်ကြောဒဏ်ရာ ရရှိခဲ့သည့် မက်ဆီ နှစ်လကြာ အနားယူရမည် — စာမျက်နှာ - ၁၃




## ပုဂံ-ညောင်ဦးဒေသရှိ ရွှေစည်းခုံစေတီတော်အား နိုင်ငံခြားခရီးသွားဧည့်သည် ၃၀၀ ကျော် လာရောက်လေ့လာ

**မိတ္ထီလာ နိုဝင်ဘာ ၁၂**

ပုဂံ-ညောင်ဦးဒေသရှိ ရွှေစည်းခုံစေတီတော်အား နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက နိုင်ငံခြားခရီးသွား ဧည့်သည် ၃၀၀ ကျော် လာရောက်လေ့လာကြောင်း သိရသည်။

"ရွှေစည်းခုံစေတီဗုဒ္ဓပူဇနိယပူဇော်ပွဲအတွင်းကလည်း နိုင်ငံခြားခရီးသွားဧည့်သည် တော်တော်များများလာရောက်ကြတာ တွေ့ရပါတယ်၊ ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်ပြီးစအချိန်ဖြစ်တဲ့ ဒီနေ့က ယခင်နေ့ထက် နိုင်ငံခြားခရီးသွားဧည့်သည် ၃၀၀ ကျော် လာရောက်ကြတယ်။ အဆင့်မြင့်ခရီးသွားလေအိတ်ကားကြီးတွေနဲ့ အုပ်စုလိုက်လာကြတာ။ ရွှေစည်းခုံစေတီတော်ကို အစကနဦးတည်တာက အနော်ရထာမင်းကြီးပါ၊ အနော်ရထာမင်းကြီးတည်တာ မပြီးစီးတော့ ကျန်စစ်သားမင်းကြီးက ပြီးစီးအောင် ဆက်လက်တည်ထားကိုးကွယ်ခဲ့တာပါ၊ ပုဂံကိုရောက်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တိုင်း ရွှေစည်းခုံစေတီတော်ကို လာရောက်လေ့လာကြတာများတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

## ဆီးဂိမ်းပြိုင်ပွဲကြီး ကျင်းပရန် ၂၇ ရက်သာ လိုတော့သည်

## ATP World Tour တင်းနစ်ချန်ပီယံဆုကို ဂျိုကိုဗစ် ဆက်လက်ကာကွယ်နိုင်ခဲ့

ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်နှင့် ကမ္ဘာ့အဆင့်(၂)ဆားဘီးယား ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်တို့သည် ATP World Tour တင်းနစ်ဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် အိုတူးအရီနာတင်းနစ်ပြိုင်ဝင်းအတွင်း အနိုင်ရဗိုလ်စွဲနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျိုကိုဗစ်က ရာဖေးလ်နာဒယ်အား ပွဲပြတ်အနိုင်ရရှိကာ ၎င်း၏ လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့နာမည်ကြီး တင်းနစ်ကစားသမားနှစ်ဦးဖြစ်သည့် ဂျိုကိုဗစ်နှင့် ရာဖေးလ်နာဒယ်တို့၏ ယခုယှဉ်ပြိုင်ခဲ့သည့် ATP World Tour တင်းနစ်ပြိုင်ပွဲသည် ၂၀၁၃ ခုနှစ်၏ နောက်ဆုံးပြိုင်ပွဲဖြစ်ပြီး ကြံ့ခိုင်မှုပြည့်ဝစွာဖြင့် အကောင်းဆုံးကစားနိုင်သည့်စွမ်းဆောင်ရည်ကို အိုတူးအရီနာ၌ ပြသနိုင်ခဲ့သည့် ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်က ပြိုင်ဘက် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့









ကြော်ငြာ ADVERTISEMENT

# လျှောက်ထားဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့ ခန္တီး ပရိယတ္တိစာသင်တိုက်ကြီး၏ ရာပြည့်ပွဲတော်ကို ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်မှ (၁၀)ရက်၊ (၂၁-၁၁-၂၀၁၃) မှ (၂၇-၁၁-၂၀၁၃) ရက်အထိ ဓမ္မပူဇာပွဲနှင့် စာပေဟောပြောပွဲတို့ဖြင့် (၇)ရက်တိုင် ကျင်းပပူဇော်မည်ဖြစ်ပါ၍ ခန္တီးပရိယတ္တိနွယ်ဝင် တပည့်များအနေဖြင့် ပင့်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်တော်မူကြပါရန် လျှောက်ထား ဖိတ်ကြားအပ်ပါသည်။

**ရာပြည့်ကော်မတီ**
**ခန္တီးပရိယတ္တိစာသင်တိုက်**
**ဝန်းသိုမြို့**

# အထူးကျေးဇူးတင်ရှိခြင်း

# လောကအလင်း ဘာသာယဉ်ကျေးမှုဂျာနယ်
## အားလုံးအတွက်ထွက်ပေါ်လာပြီ

- ထေရဝါဒဗုဒ္ဓဘာသာဝင်လူကြီး၊ လူလတ်၊ လူငယ်မျိုးဆက်သစ်များအားလုံးအတွက် ဆရာတော်ကြီးများ၏ ဝိပဿနာကျင့်စဉ်၊ သမထနှင့် ဂုဏ်တော်ကျင့်စဉ်များ။
- ဆရာတော်ကြီးများ၏ ထူးခြားသည့် ဂန္ထဝင်စာနှင့် ကဗျာများ၊ အခြေခံမှစ၍ လေ့လာလိုသူများအတွက် ပဋ္ဌာန်း၊ အဘိဓမ္မာဖွင့်ဆိုရှင်းလင်းချက်များ။
- ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းလိုသည့် မျိုးဆက်သစ်လူငယ်များအတွက် သရုပ်ဖော်ဗုဒ္ဓစာပန်းချီများ။
- ဗုဒ္ဓဘာသာကို အင်္ဂလိပ်စာဖြင့် ယှဉ်တွဲလေ့လာလိုသူ မျိုးဆက်သစ်လူငယ်များအားလုံးအတွက် ဘာသာရေးအင်္ဂလိပ်စာကဏ္ဍ။
- ကြီးပွားတိုးတက်လိုသူများအတွက် နက္ခတ်အဟောကဏ္ဍ။
- ဓမ္မကိုကဗျာဖြင့် မြတ်နိုးနှလုံးသွင်းလိုသူများအတွက် ဓမ္မကဗျာကဏ္ဍ။
- မရှင်းလင်းသည်များကို နှိုက်နှိုက်ချွတ်ချွတ် သိရှိလိုသူများအတွက် ဘာသာရေးဆိုင်ရာ အမေးအဖြေကဏ္ဍ။
- ဗုဒ္ဓဟောကြား အမြတ်ဆုံးဆုလာဘ်ကို ယူလိုသူများအတွက် ကျန်းမာရေးနှင့်ဆေးကဏ္ဍ စသည်တို့ကို အပတ်စဉ် ပြည့်စုံစွာဖော်ပြတင်ဆက် သွားမည့် မြန်မာနိုင်ငံသားအားလုံးအတွက် လောကအလင်းဂျာနယ်----
- သားသား မီးမီးတို့အတွက် ဓမ္မပုံပြင်များ၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာအစ ဘာသာရေးအဆုံးအမများ----
- သင့်နေအိမ်တွင်လည်းကောင်း၊ မိသားစုများအားလုံးအတွက်လည်းကောင်း၊ ဘာသာတရားကို အခြေခံမှစ၍ အဆင့်မြင့်လေ့လာလိုသူတိုင်းအတွက် လည်းကောင်း၊ ဝယ်ယူဖတ်ရှုသင့်သည့် ဘာသာရေးနှင့်ပတ်သက်၍ အပြည့်အစုံဆုံး တင်ဆက်သွားမည့် လောကအလင်းဂျာနယ် အပတ်စဉ် စနေနေ့တိုင်း သင့်ထံသို့ ရောက်ရှိလာပါတော့မည်. . . .
- ကုမ္ပဏီများ၊ အသင်းအဖွဲ့အစည်းများ ဓမ္မဒါန ပြုနိုင်ပါရန် အထူးဖိတ်ခေါ်အပ်ပါသည်။
- လောကအလင်းဂျာနယ်၏ တစ်နှစ်ပတ်လုံး အရောင်းကိုယ်စားလှယ်ကြီးများ/လက်ပွေ့ရောင်းသူများအတွက် ပြည်တွင်း ဘုရားဖူးခရီးစဉ်များ ကို မဲနှိုက်၍ ချီးမြှင့်ဆောင်ရွက်ပေးပါမည်။

**"လောကအလင်း"(ဘာသာရေးဂျာနယ်)**

**အခန်းအမှတ်-၀၁၊ မြေညီထပ်၊ တိုက်-၆/၁၊ ရန်အောင်လမ်းသွယ်(၃)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ကြားမှတ်တိုင်အနီး)၊ ဖုန်း-၀၁-၅၅၈၀၈၄**

# မီး သတိပြု

**တစ်ဦးတည်း ဖြစ်ကြောင်း**

ကျောက်တန်းမြို့နယ်၊ တံတားမြို့နယ်ခွဲ-အောင်ချမ်းသာကျေးရွာနေ ဦးဝင်းမောင်[၁၂/ကတန(နိုင်)၀၆၈၅၃၀]နှင့် ဦးဝင်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၂၊ မြေကွက်အမှတ်-၂၁၉၊ မြေကွက်တည်နေရာအမှတ်-၂၁၉၊ ၁၃၂ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးတင်အုန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်အုန်း[၁၂/ပဘတ(နိုင်)၀၁၀၇၂၂]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကိုန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမည် ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ မန်ကျည်းကုန်းကျေးရွာ ဦးရာကျော်-ဒေါ်သန်းနွဲ့တို့၏သား ကာဘိုးမြို့ အထကကျောင်း နဝမတန်း(B)မှ မောင်စန္ဒာထွန်းအား မောင်နေသူရဟု ပြောင်းလဲခေါ်ဆိုကြပါရန်။



# ကုန်အမှတ်တံဆိပ် အမည်၊ အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မြန်မာပဒုမ္မာကုမ္ပဏီလီမိတက်(Myanmar Padonmar Co.,Ltd)သည်အောက်တွင်ဖော်ပြထားသော "ပဒုမ္မာ" အမည်နှင့် အမှတ်အသားကိုတစ်ဦးတည်းမူပိုင်အဖြစ် ပြည်တွင်းပြည်ပသုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်၊ ၁၁၆၈၅ ဖြင့် ၂၄-၁၀-၂၀၁၃ရက်တွင် မှတ်ပုံတင် မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်။

**တံဆိပ်အမည်အမှတ်အသား**



**မှတ်ပုံတင်အမှတ် ၁၁၆၈၅/၂၀၁၃**

ဖော်ပြပါတံဆိပ်၊ အမည်၊ အမှတ်အသားဖြင့် ဓာတ်မြေသြဇာများအား ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို မြန်မာပဒုမ္မာကုမ္ပဏီလီမိတက်မှ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအမျိုးမျိုးတွင် တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြု သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတံဆိပ်၊ အမည်၊ အမှတ်အသားအားတစ်ခုလုံးကို ထပ်တူညီပြုလုပ်၍ ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ မမှန်မကန် တုပသုံးစွဲ၍ လုပ်ငန်းများတွင် အသုံးမပြုရန်နှင့် အကယ်၍ဆင်တူယိုးမှားတုပသုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**



**ဦးအောင်စိုး(စဥ်-၂၁၈၂)**
**(တရားလွှတ်တော်ရှေ့နေ)**
**B.A,R.L,D.B.L,D.M.L,D.I.L**
**Diploma In International Business Oraganisation (UK)**
**Diploma In International Intellectual Property Law (UK)**
**အာဆီယံအသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့အစည်း၏အမှုဆောင်**
**Aung Soe & Ace Top Law Firm**
**အမှတ်(၁၅၃)၊ ဒု-ထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၂၂၄၁၄၃**
**Email: aung. soeu@gmail.com** **Website:www.aungsoeacetop.org**

## (၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးသိန်းဇော်**(မန်နေဂျာ-ကောင်းမွန်ဆေးရုံ)-ချစ်မေမေ **ဒေါ်လှလှအေးမြင့်**(လ/ထမော်ကွန်းထိန်း-မကွေးတက္ကသိုလ်)တို့၏ ၁၃-၁၁-၂၀၁၃ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာမှ သည် ရတုအဆက်ဆက်တိုင်အောင် ချစ်သားများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး -ကိုဟန်ဇော်ဇော်
(တည်ဆောက်ရေး-၈၊ ဆည်မြောင်း၊ မကွေး)
ချစ်သားငယ် -ဗိုလ်အောင်ကျော်ကျော်ထက်(မော်လိုက်မြို့)

(Travels & Tours)

L C C I, A C C A

## ညှိနှိုင်းဈေးဖြင့်ရောင်းမည်

ပေ(၂၀×၆၀)ထောင့်ကွက်
ဇေယျဝတီ(၂)လမ်းထိပ်၊ ၁၀/တောင်၊
(၁၃)ရပ်ကွက်၊ သာကေတ
ဦးရေခဲ

## ရောင်းမည်

ကမာရွတ်၊ သီရိမင်္ဂလာလမ်း၊
(ယခင် အာတီးယားလမ်း) ပေ(၄၀×၆၀)
တစ်ဦးတည်းပိုင် ဘိုးဘွားပိုင်မြေ
Ph; 09421005464

## မြေကွက်ရောင်းမည်

ပေ(၄၀×၆၀) ဂရန်မြေ ရေမီးစုံ
မြခွာညို(ယုဇန)၊ သာကေတ (သိန်း ၂၃၀၀)
ဖုန်း-၀၉ ၂၅၀၂၇၂၂၈၁၊
၀၉ ၄၂၀၂၂၇၈၀၈

## တိုက်ခန်းရောင်းမည်

ကျောက်မြောင်းဈေးလမ်း
ပေကျယ်(၂၅×၅၀) ဆဋ္ဌမထပ်
ဖုန်း-၀၁-၅၄၆၂၆၀
၀၉-၄၉၂၁၆၇၅၁

## ကွန်ပျူတာအိမ်လိုက်သင်သည်

Basic/i-office
Graphic Design
Web Design
3D Character Design
**တင်မျိုးဝင်း၊ ဖုန်း-၀၉-၅၅၀၄၉၇၃**

## ကြေညာချက်

၁။ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဖော့ကန်မိသားစု သမဝါယမအသင်း လီမိတက် အသင်းသူ၊ အသင်းသားသိစေရန် ကြေညာလိုက်သည်။
အသင်းသူ၊ အသင်းသားဖြစ်ကြောင်း ဖြတ်ပိုင်းအထောက်အထားဖြင့် ကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း နောက်ဆုံးထား၍ အသင်းသို့ လာရောက်စာရင်းပေးပါရန် ကြေညာလိုက်ပါသည်။
၎င်းနေ့ရက်ထက်ကျော်လွန်ပါက အသင်းသားအဖြစ် တာဝန်ယူမည်မဟုတ်ကြောင်း။
၂။ အသင်းသားအဖြစ် ပါဝင်လိုပါက အစုတစ်စုလျှင် (၅၀၀ဝိ/-)ကျပ်နှုန်းဖြင့် ထည့်သွင်းပါဝင်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

Home Sweet Home

1.41W 1400L
2.42W 1PT 1050L
3.42W (40"×60") 800L
4.42W (23"×60") 1PT 400L
5.43W (40"×60") 1/ ½ BN 1100L
6.44W (26"×60")1PT 490L

09 36225939 , 09 420141762

## ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၊ အထက-ကျိုက်စကော(စက်ရုံများနယ်မြေ) အာစရိယပူဇော်ပွဲနှိုးဆော်ဖိတ်ကြားခြင်း

ကျောင်းသားဟောင်းများမှ ဆရာ၊ ဆရာမကြီးတို့အား အာစရိယပူဇော်ပွဲပြုလုပ်လိုပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများ ဆက်သွယ်လှူဒါန်းနိုင်ပါရန် လေးစားစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

**၁၀-၁၂-၂၀၁၃ ရက် မတိုင်မီ ဆက်သွယ်ပေးကြပါရန်**

ဦးရဲဆွေလှိုင် -၀၉-၄၂၁၁၃၀၀၈၃
ဦးမောင်မောင်လွင် -၀၉-၄၂၈၀၂၉၄၄၁
ဦးသန်းအောင် -၀၉-၄၂၈၁၈၀၃၀၄
ဦးထွန်းထွန်း -၀၉-၄၂၈၁၃၄၈၀၆
ဒေါ်ဥမ္မာထွေး -၀၉-၃၁၁၉၅၇၇၈
ဦးလွင်မျိုးထိုက် -၀၉-၄၂၀၁၃၀၄၀၅

## ရောင်းမည်

စမ်းချောင်း၊ မင်းလမ်း၊ ပထပ်၊ ရှေ့လှည့် အဆင့်မြင့်ပြင်ဆင်ပြီး၊ ကြမ်းခင်းကြွေပြားပါကေး၊ ဘိုထိုင်၊ ခေတ်မီမော်တာတပ် ရေပန်း၊ သံပန်း၊ sunshade၊ ယင်းလိပ်တပ်ပြီး၊ ဧည့်ခန်း(၁)၊ MBR (၁)၊ A/C (၁)၊ ထမင်းစားခန်း+မီးဖို၊ ကိုယ်ပိုင်လျှပ်စစ်မီတာ+ရေမော်တာ၊ အဆင်သင့်နေနိုင်၊ ရုံးခန်း လုပ်လျှင်လည်း သင့်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်း(နေ့ ၁၁ နာရီမှ ၃ နာရီအတွင်း စနေ၊ တနင်္ဂနွေနေ့မှ အပ ပိုင်ရှင်ရှိနေမည်) ဖုန်း-၀၉-၃၃၃၆၉၆၆၉(ပွဲစားမလို)

Ph: 09-73068573

09 31268183, 09 31589922

## တစ်ဦးတည်းဖြစ်ကြောင်း

ဥက္ကံမြို့နေ မဇာခြည်ဝင်း[၁၂/တကန(နိုင်)၁၆၀၃၂၈]၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်(ခ) ဦးမြင့်စိန်[၁၂/တကန(နိုင်)၀၆၆၇၇၆] ဖြစ်ပါကြောင်း။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပဲခူးတိုင်းဒေသကြီး အမြန်လမ်းမအနီး မိုင်တိုင် ၄၆ ဘောနက်ကြီးကွင်း ဥယျာဉ်ခြံမြေ(ပုံစံ ၁၀၅) အမည်ပေါက်ပြီး ဧက၁၀၀ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၀၀၃၇၂၃၉ နှင့်
၀၉-၇၃၀၀၆၅၃၃

**ပွဲညွှန့်တင်မည့် ပွဲစားများ ဆက်သွယ်ရန် မလို။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်စိုးမင်းငြိမ်း[၁၀/မလမ(နိုင်)၁၃၀၆၃၂]သည် မိဘများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် အမျိုးမျိုးဆောင်ရွက်ခြင်း၊ အရက်သောက်စားမူးယစ်ရန်မူခြင်းတို့ကြောင့် ၃၀-၁၀-၂၀၁၃ ရက်မှစပြီး အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်မယူပါကြောင်း။

**ဦးထိုက်-ဒေါ်ထားထားခင်[၁၀/မလမ(နိုင်)၀၁၅၇၂၇] ၁၀၊ ၈၄၀ မြိုင်သာယာ၊ မော်လမြိုင်မြို့**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးအောင်ထွန်းလင်း-ဒေါ်မို့မို့ဆွေတို့၏ တစ်ဦးတည်းသောသား

**မောင်ဇေယျာလင်းအောင်**

**B.E (Port&Harbour Engineering, MMU)**

နှင့်

ဦးရန်ကျော်-ဒေါ်ကြည်ကြည်ဆွေတို့၏ ဒုတိယသမီး

**မကြည်ပြာမိုးသွယ်**

**B.A(Myanmar),Diploma in IT Myanmar Apex Bank**

တို့၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel၊ "ရန်ကင်းခန်းမ"၌ နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**မောင်ဇေယျာလင်းအောင်-မကြည်ပြာမိုးသွယ်**

EPS-TOPIK

U Tun Win B.A (Korean)

ကိုရီးယားဘာသာ

KO NYAN Travel Services

ရောင်းမည်။

09 861 8181
09 49333383, 09 43177001

မမြင်ရသောမြင်ကွင်းများ
ခင်သစ်နှင်း

C B BANK

Let's Win-Win Together !

မုံရွာဘဏ်ခွဲဖွင့်လှစ်ခြင်း



ဘဏ်လုပ်ငန်းကိစ္စအရပ်ရပ်နှင့် ပြည်တွင်းငွေလွှဲလုပ်ငန်းများကို (၁၃. ၁၁. ၂၀၁၃)နေ့မှစ၍ အမှတ် – (၅၀)၊ ဘုတာရုံလမ်း၊ ဆူးလေကုန်းရပ်ကွက်၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး တွင် ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။

Phone : (071) 261 83

Fax : (071) 261 79, 261 80, 261 81

E-mail : contact@cbbankmm.com

Website : www.cbbankmm.com

Facebook : https://www.facebook.com/CBBankmyanmar


CHERRY OO
ဂုဏ်ယူဖွယ်ရာ ဒို့မြန်မာ
ပါဝင်ဆင်နွှဲ ဆီးဂိမ်းပွဲ
ကျပ်သိန်းပေါင်း ၄၀၀ကျော်ပါဝင်သော ခဲခြစ်ကံစမ်းမဲနှင့် ကျပ်(၅)သိန်း ကံထူးရှင်(၁၂)ဦး ရွေးချယ်ပွဲ
ငွေကျပ် ၃၀၀၀၀ နှင့်အထက် ဝယ်ယူကံစမ်းကြပါစို့...
ချက်ခြင်း ပေါက်မဲများ
ကံထူးရှင်များ အတွက်
ကျပ် ၃၀၀၀ မှ ၁၀၀၀၀၀ကျပ်အထိ ပါဝင်သောဆုမဲများ
ဆုငွေ ကျပ် (၅) သိန်း ကံထူးရှင် (၁၂) ဦးရွေးချယ်ပေးမည်။
၁.၁၁.၂၀၁၃ မှ ၃၁.၁၂.၂၀၁၃ အထိ
Hotline : 01-200190, 01-381751, 01-375491, 02-72992
www.facebook.com/cherryoowatchgallery


မြန်မာဇော်ထူး


CP
၂၀၁၃ ခုနှစ်
နိုဝင်ဘာလ (၁) ရက် မှ (၃၀) ရက်နေ့ အထိ
Hot Line : 09-4211-33777
Follow us on www.facebook.com/CPFoodBusinessMyanmar

# Sky One Construction Co.,Ltd

အမှတ်(၄၂)၊အောင်ချမ်းသာ(၂)လမ်းနှင့်ပုလဲလမ်းထောင့်၊(၁)ရပ်ကွက်၊ဗဟိုလမ်းမအနီး၊ကမာရွတ်မြို့နယ်
ဖုန်း- ၀၁ ၅၃၇၁၉၅၊ ၀၉ ၇၃၀၀၇၇၃၀၊ ၀၉ ၄၉၃၀၀၀၉၉

## ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူများဖြစ်ရမည်။

1. **Chief Enginer** **M/F (1) Posts**
- BE(Civil) ဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံ (၂၀)  နှစ်အထက်ရှိရမည်။
- Chief Enginer တာဝန်ကို ထမ်းဆောင်ခဲ့ဘူးသူဖြစ်ရမည်။

2. **Site Enginer** **M/F (10) Posts**
- BE(Civil) (or) AGTI (Civil) ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၁၀) နှစ်အထက်ရှိရမည်။

3. **Junior Enginer** **M/F (8) Posts**
- BE (Civil) (or) AGTI (Civil) ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၅) နှစ်အထက်ရှိရမည်။

4. **Site Supervisoir** **M/F (6) Posts**
- လုပ်ငန်းအတွေ့အကြုံ (၄)နှစ်အထက်ရှိရမည်။

5. **M&E BE(EP) / AGTI (EP)** **M/F (2) Posts**
- လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်အထက်ရှိရမည်။

6. **Quality Survey (BE Civil)** **M/F (2) Posts**
- လုပ်ငန်းအတွေ့အကြုံ(၁၀)နှစ်အထက်ရှိရမည်။

7. **Store Keeper** **M/F (7) Posts**
- လုပ်ငန်းအတွေ့အကြုံ(၄)နှစ်အထက်ရှိရမည်။

8. **Chief Accountant** **M/F (2) Posts**
- CPA ဘွဲ့ရဖြစ်ရမည်။။လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။

9. **Computer** (စာစီစာရိုက်ကျွမ်းကျင်) **M/F (2) Posts**
- (ဘွဲ့ရ) လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိရမည်။

**- နယ်များသို့သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများကိုဦးစားပေးမည်။**

လျှောက်ထားလိုသူများသည် CV Form/မှတ်ပုံတင်မိတ္တူ/ သန်းခေါင်စာရင်းမိတ္တူ/ အကျင့်စာရိတ္တကောင်း မွန်ကြောင်း ရဲစခန်းထောက်ခံချက်/ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁) ပတ်အတွင်းလာ ရောက်လျှောက်ထားနိုင်ပါသည်။



**ကျေးဇူးဆပ်ပါမည်**
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက် (ဘ)ဦးသန်းလွင်၏သား ဇော်မျိုးကျော် [၁၂/ကမရ(နိုင်)၀၁၀၆၁၀]၏ ပတ်စပို့နံပါတ်(ဧ၆၅၅၄၈)သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၂၇၇၄၃**



**မီး သတိပြု**



# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓ ဓမ္မ သံဃ

အိန္ဒိယနိုင်ငံ၏ ဘာသာစကား၊ ဒေသန္တရနှင့် ဗဟုသုတများ ကျွမ်းကျင်သော မဇ္ဈိမဒေသတွင်ရှိ ဘုရားဌာနများအားလုံးကို ဒေါက်တာအေးအေးမော် **(Ph.D India)**ကိုယ်တိုင် အနီးကပ် နွေးထွေးပျူငှာစွာ၊ မိသားစုသဖွယ် လိုက်လံ ရှင်းလင်းပို့ဆောင်ပေးပါမည်။

**အထူး Promotion** ( ၈ )ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) တစ်ဦးချင်းဈေးနှုန်း (၇.၅)သိန်း(စရိတ်ငြိမ်း)

မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ ရက်တိုတိုနှင့် ဘုရားဌာနစုံစုံလင်လင်ဖူးမြော်ချင်သူများအတွက် အဆင့်မြင့် ကားသေး၊ ကားကြီးများဖြင့် စီစဉ်ထားပါသည်။ ထွက်ခွာမည့်ရက်များ - (NOV 23,30)(DEC 7,14,21,28)

(၁၂) ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) - ၉ သိန်း (စရိတ်ငြိမ်း)

(၁၅) ရက်ခရီး-(သံဝေဇနီယ + အဝိဇဟိတ)လေးဌာန + နယူးဒေလီ(3Star Hotel) + တဝ်ချ်မဟာ) -၁၀သိန်း (စရိတ်ငြိမ်း)

**( ၈ )ဦးစုစည်းပြီးလိုက်ပါလျှင် ( ၁ )ဦးအခမဲ့ပို့ဆောင်ပေးပါမည်။**

ဗုဒ္ဓဂယာ တွင် မဟာဗောဓိစေတီသို့ ၂ မိနစ်ခန့် လမ်းလျှောက်လျှင်ရောက်သော 3Star Hotel (သက်ကြီးသူများ အတွက် အဆင်ပြေစေရန် ဓါတ်လှေကား ပါဝင်)တွင် တည်းခိုနိုင်ရန် စီစဉ်ထားရှိပါသည်။

**သီရိလင်္ကာ + ဘန်ကောက် (၇) ရက် - (၁၂.၅) သိန်း၊ ဘန်ကောက် + ကမ္ဘောဒီးယား (၆) ရက် - ၉.၅ သိန်း၊ ဘန်ကောက် (၆) ရက် - ၇ သိန်း**

**အောက်တိုဘာလမှ ပေလဆန်းအထိ ပို့ဆောင်ပေးနေပါသည်။**

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉။

မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။ ၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊၀၉-၄၀၃ ၇၄၄၄၀၄ ၊ ၀၉-၄၂၈ ၂၁၇၂၅၁






**တစ်ဦးတည်းဖြစ်ကြောင်း**
ဒိုက်ဦးမြို့၊ အိမ်ခြေလေးဆယ်၊ အောင်စိုးမိုးကျေးရွာနေ မောင်မင်းထွန်း(ခ)မောင်ဇော်မင်းထွေး နိုင်ငံသားစိစစ်ရေးအမှတ် [၇/ဒဥန (နိုင်)၀၀၁၂၀၀] ကိုင်ဆောင်သူမှာ တစ်ဦးတည်း ဖြစ်ပါသည်။



# သစ်ချော ဦးအောင်သောင်း

၂တန်း မှ ၁၀တန်းအထိ သစ်ချော တစ်ဘာသာတည်း သန့်သန့်
( ၇၀ ) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း – 09 5192923 ၊ 01 246108






ထိခိုက်ပျက်စီးဆုံးရှုံးမှု အမျိုးမျိုး ကင်းဝေးဖို့ " ခ်န် " အဆင့်တောက်ပသည့် သူ့ထက်လင်း®ရောင်ပြန် သုံးကြစို့။

# သူ့ထက်လင်း®

Ever Reflector

ယာဉ်အန္တရာယ် နှင့် လုပ်ငန်းခွင် အန္တရာယ်အမျိုးမျိုး ကင်းဝေးရေး အဆင့်မြင့်ရောင်ပြန်

- အမြဲသစ်လွင်တောက်ပသည်
- တာရှည်ခိုင်ခံ့သည်
- အသုံးပြုရ အလွန်လွယ်ကူသည်

အခန်း(၀၁၂/အေ)၊ တိုက် - ဘီ၊ နှင်းဆီလမ်း၊ ဟိုက်ဝေးကွန်ပလက်ဝင်း၊ ကမာရွတ်မြို့နယ်၊ (အရှိုးဆေးရုံအနီး)၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၂၃၀၅၆၆၄၊ ၀၁ - ၅၀၂၉၈၃၊ ၀၉ - ၅၀၀၁၇၇၈၊ ၀၉ - ၅၀၃၄၉၁၇၊ ၀၉ - ၄၉၂၇၀၄၀၆



PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

# တန်ဆောင်တိုင်အထူးအစီအစဉ်

## Tazaungdaing Special Promotion

တန်ဆောင်တိုင်အခါသမယမှာမိမိတို့ချစ်ခင်တန်ဖိုးထားရသောမိဘ၊ ဘိုးဘွားများနှင့် ဆရာသမားများကိုကျန်းမာခြင်းလက်ဆောင်နဲ့ကန်တော့ကြပါစို့...

ပန်းလှိုင်ဆေးရုံကြီးနှင့် ပန်းလှိုင်ဆေးခန်းတို့တွင် အောက်တိုဘာလ အတွင်းဝန်ဆောင်မှုပေးခဲ့သော ကျန်းမာရေးစစ်ဆေးခြင်းအစီအစဉ်များကို Promotion ကာလအတွင်းအကြောင်းအမျိုးမျိုးကြောင့် လာရောက်မစစ်ဆေးနိုင်ခဲ့သောမိတ်ဟောင်း မိတ်သစ်များ၏ တောင်းဆိုချက်အရ နိုဝင်ဘာလ (၃၀) ရက်နေ့အထိ ထပ်မံတိုးမြှင့်၍ဝန်ဆောင်မှုပေးသွားမည် ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

နိုဝင်ဘာလ (၃၀) ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : enquiry.phih@spa.com.mm


ငါးနှစ်ကောင်
PISCES
အဆင့်မြင့်ဘက်စုံသုံး ဆပ်ပြာမွှေး
တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးမှထုတ်လုပ်သည်။
မွှေးမွှေးလေးနဲ့ ဈေးကျွတ်တာ
ငါးနှစ်ကောင်ဆပ်ပြာပါ
Pisces Brand Soap Noodle
Soap Noodle
ကိုယ်တိုက်ဆပ်ပြာချောအတွက်အသင့်ထုတ်လုပ်နိုင်သည်။
Italy နိုင်ငံထုတ် Mazzoni စက်သစ်ကြီးဖြင့်ထုတ်လုပ်ထားသဖြင့် နိုင်ငံခြားအဆင့်မီ Quality ဖြစ်သည်။
ဈေးနှုန်းအလွန်သက်သာသည်။
Golden Flower Co., Ltd.
အမှတ် - ၂၁၄(အေ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 01-2300672, 2300677, 2300679.